# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (31-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်အဖွဲ့ဝင်များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်အဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာညှော်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ယခုနှစ်သည် မြန်မာ-ရုရှားနှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၇၅နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊မြန်မာနိုင်ငံ၏သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာရပ်ပိုင်းဆိုင်ရာပညာရပ်များ အပါအဝင်

**စာမျက်နှာ ၁၇ ကော်လံ ၂**




ရတနာပုံ
၂၀၁၃ ခုနှစ် မေ ၃၁ ရက်

အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

မေ ၃၁ ရက်(ယနေ့)သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို လွန်စွာထိခိုက်နိုင်သည်။ ထို့ကြောင့် ဆေးလိပ်သောက်ခြင်းကို လူတိုင်းရှောင်ကြဉ်ရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းကျော်သည် နာတာရှည်ရောဂါမျိုးစုံဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ အချိန်မတိုင်မီသေဆုံးလျက်ရှိကြသည်။ ထိုသို့ သေဆုံးသူများအနက် လူဦးရေ ၁ ဒသမ ၂ သန်းခန့်သည် တစ်ပါးသူသောက်သုံးသောဆေးလိပ်အငွေ့ကို တစ်ဆင့်ခံရှူရှိုက်မိရာမှ ရောဂါဖြစ်ပွားပြီး သေဆုံးကြခြင်းဖြစ်သည်။ အလွယ်တကူဝယ်ယူရရှိသဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းအမျိုးမျိုး သောက်သုံးနေကြပြီး သေဆုံးသူများတွင် ပျမ်းမျှအရွယ်ရောက်သူ ၁၀ ဦးလျှင် တစ်ဦးသည် အသက်မသေသင့်ဘဲ သေဆုံးကြရခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိလူသားများနှင့် နောင်အနာဂတ်မျိုးဆက်များကို အလွန်ဆိုးရွားစေသော ကျန်းမာရေးဆိုးကျိုးများဖြစ်ပွားခြင်းမှ ကာကွယ်ရန်သာမက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲခြင်းနှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် ဖြစ်ပွားသော လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများမရှိအောင်လည်း စောင့်ရှောက်ပေးပြီး ဖွံ့ဖြိုးတိုးတက်လာသောဘဝများဖြစ်လာရန်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို နှစ်စဉ် ဆောင်ပုဒ်တစ်ခုချမှတ်ပေးကာ အဖွဲ့ဝင်နိုင်ငံအသီးသီးတို့ကို ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်စေခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုလျော့ကျစေရန် အခွန်တိုးမြှင့်ခြင်းနှင့်အတူ အသိပညာပေးခြင်းလုပ်ငန်းများကို မီဒီယာဘက်ပေါင်းစုံဖြင့် နှိုးဆော်မှုများပြုလုပ်လျက်ရှိသည်။ ထို့ပြင် ဆေးလိပ်၏ဆိုးကျိုးများကို သိမြင်လာစေပြီး ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာကြရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ် မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးခုန်မမှန်သည့်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သည့်ရောဂါ၊ သွေးတိုးရောဂါ၊ အဆုတ်ကင်ဆာနှင့် အဆုတ်ကြောင့်ဖြစ်သော နှလုံးရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါများ ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်တွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူ၏ ၁၂ ရာခိုင်နှုန်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲခြင်းနှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းများကြောင့်ဖြစ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်မည့် လူငယ်လူရွယ်များသည် ကျန်းမာနေစေရန် ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်သည်။ မူးယစ်အစ ဆေးလိပ်ကဖြစ်သောကြောင့် အနာဂတ်မျိုးဆက်လူငယ်များ ဆေးလိပ်ကို လုံးဝမသောက်သုံးသင့်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် အသေးစားစီးပွားရေးလုပ်ငန်း ၁၄၁ ခုကို လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးထား



**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်အတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၁၄၁ ခုကို လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင် ၄၄၅ ခုကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၏ လာရောက်လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းမှတ်ပုံတင် ၁၄၁ ခုကို သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြင့် ခွင့်ပြုထုတ်ပေးထားကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေကို ထုတ်ပေးနေတာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ ဒီဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၄၅ ခုကို ထုတ်ပေးသွားမှာပါ။ တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေ ရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ ဈေးကွက်ကိုဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုလဲထိုးဖောက်နိုင်အောင် ပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှာပါ။ ဒါ့ပြင် ဌာနမှာ မှတ်ပုံတင်ထားတဲ့ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်လုပ်ငန်းတွေကို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်ဖို့အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ ထုတ်ကုန်ပစ္စည်းတွေထုတ်လုပ်နိုင်အောင် ဌာနက သင်တန်းပေးတာတွေ၊ သက်ဆိုင်ရာ ထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေကို ပြုလုပ်ပေးနေပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးသည့် လုပ်ငန်းအမျိုးအစားများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကျောက်ပန်းတောင်းဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး မေ ၃၀**

မန္တလေး ဈေးကွက်အတွင်း ကျောက်ပန်းတောင်းဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ကျောက်ပန်းတောင်းဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များ အဝယ်ပြန်လိုက်လာကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ကျောက်ပန်းတောင်းဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိနေကြောင်း သိရသည်။

"အခု ကျောက်ပန်းတောင်းဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို အချို့ကြက်သွန်နီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေက အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ်တော်တော်လေးပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မေလ ဒုတိယပတ်က ကျောက်ပန်းတောင်းဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ ကျောက်ပန်းတောင်းဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ ကျောက်ပန်းတောင်းဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ ဦးရေ ၇၀၀ ကျော်ထိရှိလာ

**မန္တလေး မေ ၃၀**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိ ရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃) လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့မှာက လိုင်းကားတွေပေါ်မှာ လိုက်ပါစီးနင်းမှုအများဆုံးကတော့ အခြေခံလူတန်းစားတွေအများဆုံးပါ။ မန္တလေးမြို့တွင်း ဈေးအရောင်းအဝယ်ကိစ္စတွေနဲ့ ဘုရားဖူးမဲ့ခရီးသွားတွေ အခုလတ်တလော တော်တော်လေးများလာတယ်။ အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ မန္တလေးဆိပ်ကမ်းနဲ့ ရန်ကင်းတောင်ဘက်ကိုပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်"ဟု ဦးမြင့်ဆွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ မေလ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း မေလ နောက်ဆုံးပတ်အတွင်း လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြင်းခြံမြို့နယ် ကျောက်ရုံကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြင်းခြံ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရန်ရည်ရွယ်၍ ကျောက်ရုံကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် အင်ဂျင်နီယာများသည် ကျေးလက်ရေရရှိရေးအတွက် ကျောက်ရုံကျေးရွာ၌ အကျယ် နှစ်လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးခရိုင်ဦးစီးမှူးက ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ရုံကျေးရွာတွင် ရေရရှိရေးလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၅၀၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၂ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၉၀၊ လူ ၄၂၉ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိနေပြီဖြစ်ကြောင်း မြင်းခြံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်ထံမှ သိရသည်။

**ရှိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့ ရွှေပြည်သာမြို့သစ်နေ ဦးအောင်လှထွေး-ဒေါ်စင်ဝင်းကြည်၊ သမီး မဆုနွယ်ဝင်း၊ မဆုလှိုင်ဝင်း၊ မဆုနန္ဒအောင်၊ သား မောင်ဘုန်းလင်းအောင် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချမ်း၊ အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၅၂၀၂၀ စိုက်ပျိုးမည်



**မော်လမြိုင်ကျွန်း မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၅၂၀၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၅၂၀၂၀ ကို ဇူလိုင်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါမိုးစပါးများကို စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ မြေယာပြုပြင်သည့်လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ် တစ်ခုလုံးအနေနဲ့ မိုးစပါးဧက ၂၅၂၀၂၀ ထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ လျာထားချက်တွေအတိုင်း စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ မြေပြုပြင်တဲ့လုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေကို စတင်လုပ်ဆောင်နေပါတယ်။ အခုနှစ် စိုက်ပျိုးကြမဲ့ စပါးအမျိုးအစားတွေကတော့ မျိုးစုံဖြစ်ပါတယ်။ မိုးစပါးတွေကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေး နည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ရောမင်း၊ ရွှေသွယ်ရင်၊ ဘေးကျား၊ ပေါ်ဆန်းမွှေး စသည့်စပါးမျိုးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၁၄၇၉၄၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရမည်းသင်း မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၄ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀၈ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ဝေါမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

**ဝေါ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၉ ရက်က အဆိုပါကျေးရွာရှိစုရပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈၄ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# ပြင်ဦးလွင်မြို့မှ ရှေးဟောင်းအဆောက်အအုံများ

မောင်သာ(ရှေးဟောင်းသုတေသန)

မေမြို့၊ ပြင်ဦးလွင်၊ တောင်လေ့ကားမြို့တော်၊ ချယ်ရီမြေ၊ ပန်းမြို့တော်ဟု အမည်ငါးမျိုးဖြင့်ထင်ရှားသည့် ပြင်ဦးလွင်မြို့သည် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ခရိုင်မြို့တစ်မြို့ဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေ အမြင့်တွင် တည်ရှိသည်။ ပြင်ဦးလွင်မြို့သည် မြန်မာနိုင်ငံ၏ ထင်ရှားသောခရီးသွားနယ်မြေတစ်ခုဖြစ်၍ မန္တလေးမြို့မှ ၄၂ မိုင်၊ လားရှိုးမြို့မှ ၁၆၇ မိုင်နှင့် မိုးကုတ်မြို့မှ ၈၃ မိုင်ကွာဝေးသည်။

ပြင်ဦးလွင်မြို့သည် မန္တလေး-လားရှိုး မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်တွင် တည်ရှိ၍ အရှေ့ဘက်နှင့် မြောက်ဘက်တွင် နောင်ချိုမြို့နယ်၊ အနောက်ဘက်တွင် ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်၊ တောင်ဘက်တွင် ကျောက်ဆည်မြို့နယ်တို့နှင့် ထိစပ်နေကာ မြန်မာနိုင်ငံဒေသအသီးသီးမှ မော်တော်ကား၊ မီးရထားတို့ဖြင့် အလွယ်တကူသွားရောက်နိုင်သည်။

ပြင်ဦးလွင်မြို့နယ်၏ ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အထက်အမြင့်သည် အနိမ့်ဆုံးနေရာ၌ ၂၀၅ ပေရှိ၍ အမြင့်ဆုံးနေရာ၌ ၄၂၉၅ ပေရှိသည်။ သာယာလှပသောပတ်ဝန်းကျင်နှင့် ၃၅ ဒီဂရီစင်တီဂရိတ်ထက် မကျော်လွန်သည့် အေးမြသောရာသီဥတုကြောင့် ပြင်ဦးလွင်မြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများနှစ်သက်သည့်မြို့တစ်မြို့ဖြစ်လာခဲ့သည်။

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ မဟာအံ့ထူးကံသာစေတီနှင့် ရုပ်ပွားတော်၊ ပိတ်ချင်းမြောင်လိုဏ်ဂူ၊ ဓာတ်တော်ချိုင့်၊ အနီးစခန်း၊ ဝက်ဝံနှင့် ဘီအီးရေတံခွန်စသည်တို့သည် ခရီးသွားများလည်ပတ်မှုအများဆုံးနေရာများဖြစ်ကြသည်။ ထို့အတူ တောင်ကုန်းတောင်တန်းများနှင့် သစ်ရိပ်ဝါးရိပ်များပေါများသည့် ပြင်ဦးလွင်မြို့နယ်တွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စသည့်လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကို ဖွင့်လှစ်ထားသည်။

**ပြင်ဦးလွင်မြို့၏ နောက်ခံ**

ပြင်ဦးလွင်မြို့ မဟာသောဘိတရာမတိုက် အောင်မြေဘုံသာ မဟာဆုတောင်းပြည့်ဘုရားတွင်ရှိသည့် ၁၉၁၆ ခုနှစ်က ရေးထိုးခဲ့သော ကျောက်စာတွင် ပြင်ဦးလွင်ကို ကုန်းဘောင်ဆက်၊ ပုဂံမင်းလက်ထက် (ခရစ်နှစ် ၁၈၄၆-၁၈၅၃)၊ ၁၈၅၀ ပြည့်နှစ်တွင်တည်ခဲ့ကြောင်း ဖော်ပြထားသည်။ ၎င်းကျောက်စာသည် ပြင်ဦးလွင်ကို တည်ထောင်ခဲ့ပြီး ၆၆ နှစ်ကြာမှ ရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။

ဗဒုံမင်းလက်ထက် (ခရစ်နှစ် ၁၇၈၂-၁၈၁၉)၊ ၁၇၈၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် နာခံပြော့ကြီးအမိန့်ပြန်တမ်းကို ကိုးကားကာ ပြည်ထဲရေးဝန်ကြီးဌာနမှတ်တမ်း၌ "ဗဒုံမင်းလက်ထက်တွင်ထုတ်ပြန်ခဲ့သည့် အမိန့်ပြန်တမ်းတစ်ခု၌ ပြင်ဦးဟူသည့်အမည်ကို အုန်းတော၊ ငှက်ကြီးသိုက်၊ ဆင်ခေါင်းကြီး၊ ဝက်ဝံဟူသည့် ရွာအမည်များနှင့် တွဲလျက်ပါရှိသည်"ဟု ဖော်ပြထားသည်။ အဆိုပါကျေးရွာများသည် ပြင်ဦးလွင်အနီးဝန်းကျင်တွင် တည်ရှိနေကြကာ ရှေးလူများ၏အဆိုအရ ပြင်ဦး၊ ပြင်ကြီး၊ ပြင်စာ၊ ပြင်သုံးရွာ၊ တစ်ပြင်ကောင်းစားမည်ဟု တဘောင်ပေါ်ခဲ့သည်ဟု ဆိုသည်။

၁၈၉၆ ခုနှစ်တွင် အမှတ် (၅) ဘင်္ဂလားတပ်ရင်းမှ ဗိုလ်မှူးမေသည် ပြင်ဦးလွင်သို့ရောက်ရှိလာခဲ့ပြီး ပြင်ဦးလွင်ကို မေမြို့ဟု အမည်ပြောင်းလဲခဲ့သည်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် မေမြို့ဟူသည့်အမည်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် မူလအမည် ပြင်ဦးလွင်ဟုပြန်လည်ပြောင်းလဲခဲ့၍ ပြင်ဦးလွင်မြို့ နှစ် ၁၀၀ ပြည့်ပွဲတော်ကို ၁၉၉၆ ခုနှစ် ဧပြီ ၃၀ ရက်မှ မေ ၆ ရက်ထိ ကျင်းပခဲ့သည်။

ပြင်ဦးလွင်သည် ၁၇၈၇ ခုနှစ်တွင် ပြင်ဦးရွာအဖြစ် တည်ရှိခဲ့ပြီး ၁၈၅၀ ပြည့်နှစ်တွင် အမရပူရမှ မင်းမှုထမ်းတစ်ဦးသည် ပြင်ဦးကျေးရွာသို့ ရောက်ရှိခဲ့စဉ် သာယာလှပသည့်ရှုခင်းများကြောင့် ပြင်ဦးလွင်ဟု ခေါ်ဆိုခဲ့ကြောင်း ယူဆမှုများလည်းရှိခဲ့သည်။ ထို့ကြောင့် ပြင်ဦးလွင်သည် ၁၈၇၈ ခုနှစ်မှ ၁၈၅၀ ပြည့်နှစ်ထိ ပြင်ဦးဟုလည်းကောင်း၊ ၁၈၅၀ ပြည့်နှစ်မှ ၁၈၉၆ ခုနှစ်ထိ ပြင်ဦးလွင်ဟုလည်းကောင်း၊ ၁၈၉၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်ထိ မေမြို့ဟုလည်းကောင်း ထင်ရှားခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ယနေ့ထိ ပြင်ဦးလွင်ဟု အမည်တွင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ပြင်ဦးလွင်မြို့နယ်ကို မြို့တစ်မြို့၊ ရပ်ကွက် ၂၀ ခု၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ကျေးရွာ ၁၁၆ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ်တစ်ခုလုံး၏အကျယ်အဝန်းသည် ၇၆၃ ဒသမ ၇၄ စတုရန်းမိုင်ဖြစ်၍ ပြင်ဦးလွင်မြို့၏အကျယ်အဝန်းသည် ၃၉ ဒသမ ၅၃ စတုရန်းမိုင်ဖြစ်သည်။



ပြင်ဦးလွင်မြို့ရှိ ချယ်ရီမြိုင်အဆောက်အအုံကို တွေ့ရစဉ်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်ထိ စာရင်းများအရ ပြင်ဦးလွင်မြို့နယ်၏ လူဦးရေသည် ၂၅၂၉၃ ဦးဖြစ်၍ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြကာ ဗမာလူမျိုးများက ၈၀ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်သည်။ ဒေသနေပြည်သူများသည် ပန်းမျိုးစုံ၊ နေကြာ၊ မက်မန်း၊ စတော်ဘယ်ရီနှင့် ကော်ဖီတို့ကို အများဆုံးစိုက်ပျိုးကြကာ ဝိုင်၊ ဆွယ်တာနှင့် အဝတ်အထည်များကိုလည်း ထုတ်လုပ်ရောင်းချကြသည်။

၁၈၉၆ ခုနှစ်တွင် ဗြိတိသျှတို့သည် ပြင်ဦးလွင်မြို့ကို အင်္ဂလန်နိုင်ငံမှ မြို့များပုံစံအကွက်ချကာ ဝက်သစ်ချ၊ ချယ်ရီ၊ ထင်းရှူးနှင့် သစ်အယ်ပင်များပေါက်ရောက်နေသည့်လမ်းများကို အင်္ဂလိပ်အမည်များပေး၍ ၆၅ ဧကကျယ်ဝန်းသည့်ကန်တော်ကြီးကို တူးဖော်ပြီး Harcourt Butler Lake ဟု အမည်ပေးခဲ့သည်။ သစ်ပင်များဝန်းရံနေသည့် ခြံဝင်းများအတွင်း၌ ၁၉ ရာစု၊ အင်္ဂလိပ်ဗိသုကာလက်ရာပုံစံအိမ်ကြီးများကို ဆောက်လုပ်ခဲ့ပြီး ၁၉၁၅ ခုနှစ်တွင် ရုက္ခဗေဒဥယျာဉ်ကို ထူထောင်ခဲ့သည်။

မန္တလေးနည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဌေးဦး၏ သုတေသနပြုချက်အရ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများ၏ ၈၅ ရာခိုင်နှုန်းသည် ယနေ့တိုင်ကျန်ရှိနေပြီး ကျန်အဆောက်အအုံများသည် တချို့က ပျက်စီး၍ တချို့က နေထိုင်ခြင်းမပြုနိုင်တော့ချေ။ ပြင်ဦးလွင်မြို့နယ်တွင် သမိုင်းဝင်အဆောက်အအုံများသည် အမျိုးအစား ခြောက်မျိုး၊ အရေအတွက် ၁၈၇ ခုရှိသည့်အနက် ၂၀၁၅ ခုနှစ်ထိ ၁၀၉ ခုကျန်ရှိခဲ့သည်။ ၎င်းတို့တွင် ကိုလိုနီခေတ်အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ မီးရထားဘူတာရုံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာနှင့် အခြားရုံးအဆောက်အအုံများ၊ ဘဏ်၊ အပန်းဖြေမှုဆိုင်ရာနေရာများနှင့် အဆောက်အအုံများပါဝင်သည်။

**ပြင်ဦးလွင် အထိမ်းအမှတ်များ**

ပြင်ဦးလွင်မြို့လယ်ရှိ နာရီစင် (Percell Tower) သည် ပြင်ဦးလွင်မြို့၏သင်္ကေတတစ်ခုအဖြစ် အလွန်ထင်ရှားသည်။ အဆိုပါနာရီစင်တွင် တပ်ဆင်ထားသည့် နာရီသည် ဗြိတိသျှနိုင်ငံ ပဉ္စမမြောက်ဂျော့ဘုရင်၏ နန်းစံနှစ် ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ၁၉၃၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့်နာရီများအနက် တစ်လုံးဖြစ်သည်။ မြန်မာနိုင်ငံအတွက်ရရှိခဲ့သည့် ၎င်းနာရီကို မန္တလေးမြို့မှ Mr.Percell နှင့် ပြင်ဦးလွင်မြို့မှ ရှေ့နေ Mr.M.Azin တို့၏ ကြိုးပမ်းမှုကြောင့် ပြင်ဦးလွင်မြို့တွင် စိုက်ထူနိုင်ခဲ့ကာ Mr.Percell ကို ဂုဏ်ပြုသောအားဖြင့် ပါစယ်နာရီစင်ဟု အမည်ပေးခဲ့သည်။

ပါစယ်နာရီစင်ကို ၁၉၃၅ ခုနှစ်တွင် တည်ဆောက်၍ ၁၉၃၆ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ နာရီစင်တည်ဆောက်မှု ကုန်ကျငွေကျပ် ၁၇၀၀၀ အနက် မစ္စတာပါစယ်က ငွေကျပ် ၁၁၀၀၀ လှူဒါန်း၍ ကျန်ငွေကို မြူနီစီပယ်အဖွဲ့က ကျခံခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပါစယ်နာရီစင်မှ စက်အစိတ်အပိုင်းတချို့ ခိုးယူခြင်းခံရသဖြင့် နာရီထိုးသံများ ယာယီရပ်တံ့ခဲ့သည်။ သို့သော် ပြင်ဦးလွင်မြို့မှ ဦးသိန်းက အခိုးခံရသည့်စက်ပစ္စည်းများ ပြန်လည်ရရှိရန်ကြိုးပမ်းပြီး တပ်ဆင်ပေးခဲ့သဖြင့် ပါစယ်နာရီစင်သည် ယနေ့တိုင် နာရီထိုးသံမြည်လျက်ရှိနေပေသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ဝန်ရှင်တော်မင်းကြီးနှင့် ဘုရင်ခံများနေထိုင်၊ ရုံးစိုက်ရန် ရန်ကုန်နှင့် ပြင်ဦးလွင်မြို့တို့တွင် ခမ်းနားကြီးကျယ်သောအဆောက်အအုံများကို ဆောက်လုပ်ခဲ့ရာ ၎င်းတို့သည် ဘုရင်ခံအိမ်တော်များဟု ထင်ရှားခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော်ကို အလုံမြို့နယ် အလုံလမ်းရှိ ယခုသမ္မတအိမ်တော်ဝင်း၌ တည်ဆောက်ခဲ့ပြီး ပြင်ဦးလွင်ဘုရင်ခံအိမ်တော်ကို မန္တလေး-လားရှိုးကားလမ်းပေါ်တွင် ၁၉၀၃ ခုနှစ်က တည်ဆောက်ခဲ့ကာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ပြင်ဦးလွင် ဘုရင်ခံအိမ်တော်တွင် ဒုတိယဘုရင်ခံ Sir A.H Barnes က ပထမဆုံးနေထိုင်၍ ဆာဒေါ်မန်စမစ်က နောက်ဆုံးနေထိုင်ခဲ့ပြီး ၁၉၄၂ ခုနှစ် ဧပြီလတွင် အိမ်တော်ကို စွန့်ခွာခဲ့သည်။ ထို့နောက် အိမ်တော်သည် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပြီးနောက် ၂၀၀၅ ခုနှစ်တွင် ပြင်ဦးလွင်ဘုရင်ခံအိမ်တော်ကို မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ကာ ၂၀၀၇ ခုနှစ်တွင် ဟိုတယ်အဖြစ် ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မန္တလေးတွင်ကျဆုံးခဲ့သည့် အင်္ဂလိပ်စစ်သည်များအတွက် အောက်မေ့ဖွယ်အထိမ်းအမှတ် ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို မန္တလေးနန်းတွင်းတွင် တည်ဆောက်ရန်ရည်ရွယ်ခဲ့ပြီးမှအစီအစဉ်ကိုဖျက်၍ ပြင်ဦးလွင်မြို့ ဘုရင်ခံအိမ်တော်မျက်နှာချင်းဆိုင်တွင် All Saints Church ကို တည်ဆောက်ခဲ့သည်။

အဆိုပါဘုရားကျောင်းကို ဗိသုကာ မစ္စတာစီတန်မောရစ်(Mr.Seton Morris)က ပုံစံရေးဆွဲ၍ ၁၉၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် လက်ထောက်ဘုရင်ခံ ဆာဟာဗေးအဒမ်ဆင်(Sir. Harvey Adamson)က အုတ်မြစ်ချခဲ့သည်။

ပြင်ဦးလွင်မြို့၏ အမှတ်လက္ခဏာတစ်ရပ်အဖြစ် ရထားလုံးများကို ယနေ့တိုင်မြင်တွေ့ကြရသည်။ ကိုလိုနီခေတ်တွင် ပြင်ဦးလွင်မြို့၏ သယ်ယူပို့ဆောင်ရေးသည် မြင်းလှည်းများဖြစ်ခဲ့ကာ အိန္ဒိယလူမျိုးများက မြင်းလှည်းများကို မောင်းခဲ့ကြသည်။ ထိုစဉ်က ရထားလုံးနှင့် ဒေါက်ကတ်ဟူ၍ နှစ်မျိုးရှိခဲ့ရာ ဒေါက်လှည်းခေါ် ဒေါက်ကတ်သည် ဗြိတိသျှအရာရှိများသာ စီးနင်းသည့် မြင်းလှည်းအမျိုးအစားဖြစ်ပြီး ယခုအခါဝုဒ်လန်းကဖေးနှင့် ဟိုတယ်ပြင်ဦးလွင်ရှေ့တွင်ပြသထားသည်။

**ပြင်ဦးလွင်မြိုင်များ**

မြန်မာနိုင်ငံကို ဗြိတိသျှတို့အုပ်စိုးခဲ့ချိန်က ပြင်ဦးလွင်၌ အိန္ဒိယလူမျိုးများနှင့် ဂေါ်ရခါးလူမျိုးများနေထိုင်ခဲ့ကြကာ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိကြီးများသည် နွေရာသီတွင် အပူရှောင်နိုင်ရန် တောင်ပေါ်မြို့ဖြစ်သည့် ပြင်ဦးလွင်၌ အိမ်ကြီးများကို ဆောက်လုပ်ခဲ့ကြသည်။ ၎င်းတို့သည် ယခုအချိန်တွင် ကိုလိုနီခေတ်လက်ရာရှေးဟောင်းအဆောက်အအုံများအဖြစ် ကျန်ရှိနေပြီး မြိုင်အမည်ပါအဆောက်အအုံများသည် ပြင်ဦးလွင်မြို့၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားလျက်ရှိသည်။ ၎င်းတို့ကို ချယ်ရီမြိုင်၊ ယုဇနမြိုင်စသည်ဖြင့် မြိုင်နှင့်တွဲထားသည့် ပန်းအမည်များပေးခဲ့ရာမှ ပြင်ဦးလွင်မြိုင်များဟု ထင်ရှားခဲ့သည်။

နန်းမြိုင်ဟုသိရှိနေကြသည့် အဆောက်အအုံသည် ကိုလိုနီခေတ်က Craddock Court အဆောက်အအုံဖြစ်ကာ ဘုရင့်ခံအိမ်တော်ခြံဝင်းနှင့် တစ်ဆက်တည်းဖြစ်သည့် မြေဧက ၁၅ ဧကပေါ်တွင် တည်ဆောက်ခဲ့သည်။ အခန်း ၃၂ ခန်းပါရှိသည့် နန်းမြိုင်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပိုင်ဆိုင်ပြီး ၁၉၈၂ ခုနှစ်တွင် ဟိုတယ်အဖြစ် ဖွင့်လှစ်ခဲ့သော်လည်း ယခုအချိန်တွင် ဖွင့်လှစ်ခြင်းမရှိတော့ချေ။

သီရိမြိုင်(Candacraig) အဆောက်အအုံကို ၁၉၀၄ ခုနှစ်တွင် ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းက တည်ဆောက်ခဲ့ရာ ထိုစဉ်က ရှုပီးငွေ ၅၀၀၀၀ ကုန်ကျခဲ့သဖြင့် ငါးသောင်းတိုက်ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ခုနစ်ဧကကျော်ကျယ်ဝန်းသည့် ဝင်းခြံအတွင်း၌ သီရိမြိုင်အဆောက်အအုံနှင့်အတူ ရေကူးကန်၊ ပန်းခြံနှင့် ဝန်ထမ်းတန်းလျားတို့ကို ထည့်သွင်းတည်ဆောက်ထားပြီး ဘုံဘေဘားမားမှ လူပျိုဝန်ထမ်းများတည်းခိုရန် ဆောက်လုပ်ခဲ့သည်ဟုလည်းဆိုကြကာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဟိုတယ်ဖွင့်လှစ်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ယခုဘဏ္ဍာနှစ် ဧပြီလကုန်ထိ မှတ်ပုံတင်လုပ်ကိုင်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်နေ



**နေပြည်တော် မေ ၃၀**

ယခုဘဏ္ဍာနှစ် ဧပြီလကုန်ထိ တရားဝင်မှတ်ပုံတင်လုပ်ကိုင်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၂၄ မျိုးရှိရာတွင် အစားအစာထုတ်လုပ်သည့် လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ အစားအစာထုတ်လုပ်သည့် လုပ်ငန်းများတွင် အကြီးစားလုပ်ငန်း ၃၇၀၂ ခု၊ အလတ်စားလုပ်ငန်း ၅၃၈၀ နှင့် အသေးစားလုပ်ငန်း ၁၃၅၅၁ ခု စုစုပေါင်း ၂၂၆၃၃ ခု လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ အစားအစာထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် မြန်မာတစ်နိုင်ငံလုံးတွင် တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း အရေအတွက်၏ ထက်ဝက်ကျော်ရှိနေပြီး ရာခိုင်နှုန်းအားဖြင့် ၅၀ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

ဖြစ်ပေါ်တိုးတက်လာနေသည့် အခြေအနေများအရ ပြည်တွင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများလည်း တိုးတက်လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြသောကြောင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနသည် အဆိုပါပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တရားဝင်မှတ်ပုံတင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၃၂၁၀ ခုသာ ရှိနေခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၄၉၅၁ ခုထိ ရှိလာခဲ့ကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

➤ စာမျက်နှာ ၄ မှအဆက်

ဂန္ဓမာမြိုင်(Croxton)ကိုလည်း ဘုံဘေဘားမားကော်ပိုရေးရှင်းကပင် မိသားစုများနွေရာသီစံအိမ်အဖြစ် ၁၉၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ ယခုအချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပိုင်ဆိုင်သည်။

ချယ်ရီမြိုင်(Lincluden)ကို ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီက တည်ဆောက်ခဲ့ကာ ဗြိတိသျှအစိုးရလက်ထက်က မြန်မာနန်းရင်းဝန်များ ပြင်ဦးလွင်သို့ရောက်ရှိချိန်တွင် နားခိုသည့်အဆောက်အအုံအဖြစ် အသုံးပြုခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် သမ္မတအိမ်တော်ဟုထင်ရှားခဲ့ကာ ယခုအချိန်တွင် ပြင်ဦးလွင်တပ်နယ်ဧည့်ရိပ်သာဖြစ်သည်။

ချယ်ရီမြိုင်မှဆက်သွားလျှင် ရဲတိုက်ပုံစံ အနီရောင်နှစ်ထပ်အဆောက်အအုံဖြစ်သည့် ယုဇနမြိုင်(Knowle)ကို မြင်တွေ့နိုင်ကာ ယုဇနမြိုင်ကို ယခင်က တပ်မတော်ဧည့်ဂေဟာအဖြစ် အသုံးပြုခဲ့သည်။

ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနရုံး အဆောက်အအုံကို ၁၉၀၆ ခုနှစ်က တည်ဆောက်ခဲ့ကာ ဟသ်ာမြိုင်(Jacobstowe)ဟု ထင်ရှားသည်။ ထင်းရှူးမြိုင်ကိုလည်း သစ်တောဦးစီးဌာနက ထိန်းသိမ်းထားကာ ၎င်းအဆောက်အအုံတွင် မြေညီထပ်မှသီးသန့်ထုတ်ထားသည့် အဆောင်ပေါ်တွင် အမိုးချွန်ကိုပြုလုပ်ထားသည်။

သစ္စာလမ်းနှင့် မြို့ပတ်လမ်းပေါ်တွင်တည်ရှိသည့် သစ္စာမြိုင်(Tapsy Villa) သည် ဗြိတိန်နိုင်ငံမှ ရဲတိုက်အဆောက်အအုံများနှင့်တူညီကာ ယခင်က BT Brothers ကုမ္ပဏီက ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ပုဂ္ဂလိကတစ်ဦးက ပိုင်ဆိုင်သည်။

အဆိုပါမြိုင်များအပြင် ပြင်ဦးလွင်မြို့၌ သဇင်မြိုင်၊ နှင်းဆီမြိုင်(Penlee)၊ ရတနာမြိုင်(Treasury Officers QR)၊ မဲဇာမြိုင်(Craigho)၊ မြိုင်ဟေမာ(Pine Lodge)၊ မြိုင်ကြီး(Sherwood)အစရှိသည့် မြိုင်အဆောက်အအုံများလည်း တည်ရှိသည်။ မြိုင်အမည် မတပ်ထားသော်လည်း သိင်္ဂါလမ်းပေါ်ရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံသည် ၁၉၀၆ ခုနှစ်တွင် ဗိုလ်မှူးကြီးမိုင်နားက တည်ဆောက်ခဲ့သဖြင့် မိုင်းနားဟောက်စ်(Manor House)ဟု ထင်ရှားခဲ့သည်။ အဆိုပါအဆောက်အအုံကို တစ်ချိန်က သီပေါစော်ဘွားပိုင်ဆိုင်ခဲ့သည်ဟုဆိုကြပြီး လက်ရှိအချိန်တွင် ပိုင်ရှင်တစ်ဦးက ထိန်းသိမ်းထားသည်။

ပြင်ဦးလွင်မြို့တွင်တည်ရှိခဲ့သည့် မြိုင်များအပါအဝင် ကိုလိုနီခေတ်လက်ရာအဆောက်အအုံများကို နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင်ထိန်းသိမ်းထားနိုင်ခြင်းသည် ပြင်ဦးလွင်မြို့အတွက် ဂုဏ်ယူဖွယ်ဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**
- **သမိုင်းဝင်မြစ်ဧဦ ပြင်ဦးလွင်(မေမြို့ချစ်ဆွေ)**
- **ပြင်ဦးလွင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**
- **Heritage Conservation of Historic Built Environment in Pyin Oo Lwin (Dr.Than Htay Oo)**

# နယုန်အလှ မြန်မာ့အားမာန်

\- ခရီးနှင်၏
မာန်ဝင်ထန်ပြင်း အားနှင့်ရင်း၍
ချင်းနင်းမုတ်သုံ လနယုန်လျှင်
မှုန်ပြာမှိုင်းဝေ အနောက်တောင်ခြေ။

\- တဝုန်းဝုန်းတွင်
ထစ်ချုန်းသံဆက် ဂြိုးဗြိမ့်ဖက်၍
ပြိုးပြက်ရောင်သန်း လျှပ်နွယ်ပန်းတို့
လက်လှမ်းကူးကာ မိုးကြိုးလွှာနှင့်
ပစ်ကာလှုပ်နှိုး မာန်ဟုန်ပျိုးသည်
မိုးဦးအလှ ထူးခြားစွ။

\- လေအေးသွင်းက
တိမ်မင်းနက်ပြာ ရေစင်ဖြာ၍
မြေမှာသက်လွင့် မိုးဦးဖွင့်ပြီ
ရွာဆင့်မစဲ မိုးပုလဲကြောင့်
အိုင်လည်းသာစွ စမ်းချောင်းလှ၏
မြစ်မရေလျှဉ် တသွင်သွင်နှင့်
မိုးခွင်ပီစွာ ကောက်ကြောင်းဖြာပြီ
မြန်မာအလှ သာမောစွ။

\- မိုးကိုချစ်သည်
ပြည်ချစ်လူသား လယ်သမားလည်း
ထွန်သွားကိုတပ် လယ်တောစပ်၌
မတ်ရပ်ဆန့်လျက် သူမိတ်ဆက်ပြီ
မိုးစက်တစ်ပေါက် ကိုယ်၌ရောက်လျှင်
သစ်လွင်သဏ္ဌာန် ဖွံ့ထွားဟန်ကား
အားမာန်ပြည့်ဝ မြန်မာ့အလှ။

\- နွေလကုန်လျှင်
ကုံလုံပြည့်ဆင့် နိုင်ငံတင့်အောင်
မိုးနှင့်လယ်သမား ပြည့်လုပ်အားနှင့်
ပြည်သားဝမ်းဝ ကိုယ်နေလှအောင်
မြန်မာ့အရေး ဖော်ဆောင်ပေး၊
နယုန်အလှ ပန်းချီဆေး၊
အနာဂတ်ကာလ အားသစ်မွေး။ ။

**မောင်ငြိမ်းရည်(မင်းကင်း)**


# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်


➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးရေး အမေရိကန်အစိုးရ၏မေတ္တာရပ်ခံချက်ကို တရုတ်ငြင်းဆို





**ဝါရှင်တန် မေ ၂၀**

ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးရေးအတွက် အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်ကို တရုတ်အစိုးရက ငြင်းပယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပနေသည့် ရှန်ဂရီလာလုံခြုံရေးညီလာခံတွင် တရုတ်ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့ တွေ့ဆုံဆွေးနွေးရေးအတွက် အမေရိကန်အစိုးရက ယခုလအစောပိုင်းတွင် တရုတ်အစိုးရကို မေတ္တာရပ်ခံခဲ့သည်။

သို့သော် အဆိုပါမေတ္တာရပ်ခံချက်ကို တရုတ်အစိုးရက မေ ၂၈ ရက်တွင် ငြင်းဆိုခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နှစ်နိုင်ငံအကြားယှဉ်ပြိုင်မှုများ ပဋိပက္ခအဖြစ်ဆီသို့ ကူးပြောင်းမသွားစေရေးအတွက် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ အကြားတွင် အမြဲဖွင့်ထားသည့် ဆက်သွယ်ရေးလမ်းကြောင်းရှိနေရန် လိုကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

တရုတ် ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် စင်ကာပူနိုင်ငံ၌ မေ ၂၆ ရက်တွင် စတင်ကျင်းပနေပြီဖြစ်သော ရှန်ဂရီလာ လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

လီရှန်ဖူးသည် ယခုနှစ် မတ်လအတွင်း တရုတ်ကာကွယ်ရေးဝန်ကြီးတာဝန်ကို စတင်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

# မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခံရမှု သမ္မတပူတင်ထံ အစီရင်ခံတင်ပြထားဟုဆို

**မော်စကို မေ ၃၀**

မောင်းသူမဲ့ လေယာဉ်များဖြင့် မော်စကိုမြို့ တိုက်ခိုက်ခံရမှုကို သမ္မတပူတင်ထံ အစီရင်ခံတင်ပြထားကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှား တာဝန်ရှိသူများ၏ အဆိုအရ ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို လေကြောင်းရန်ကာကွယ်ရေးတပ်များက ကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယနေ့ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကို ယူကရိန်းတပ်များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သမ္မတပူတင်ထံ တင်ပြအစီရင်ခံထားကြောင်း၊ လက်ရှိအချိန်တွင် သမ္မတပူတင်အနေဖြင့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာထုတ်ပြောရန် အစီအစဉ်မရှိသေးကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားသမ္မတပူတင်မှာ မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုံးထိုင်နေကြောင်း သိရသည်။

KKO



# လက်တင်အမေရိကနိုင်ငံများသမဂ္ဂထိပ်သီးညီလာခံ ဘရာဇီးနိုင်ငံ၌ ကျင်းပမည်

**ဘရာစီးလီးယား မေ ၃၀**

တောင်အမေရိကဒေသမှနိုင်ငံခေါင်းဆောင်များသည် ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့၌ ယနေ့တွင် တွေ့ဆုံ၍ ထိပ်သီးဆွေးနွေးပွဲတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါ ဆေးလ်ဗား၏ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်ရေးအစီအစဉ်အရ တောင်အမေရိကခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲကို ဘရာဇီးလီးယား၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ဘရာဇီးသမ္မတသည် ရှေးယခင်က ဒေသတွင်းပေါင်းစည်းရေးအတွက် ကြိုးစားခဲ့သော်လည်း ဒေသတွင်းနိုင်ငံများကြား ရပ်တည်ချက်ကွဲပြားမှုကြောင့် အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

ဘရာဇီးလီးယား၌ ကျင်းပမည့် တောင်အမေရိက နိုင်ငံများသမဂ္ဂ ထိပ်သီးညီလာခံတွင် လက်တင်အမေရိကနိုင်ငံ ၁၂နိုင်ငံမှ သမ္မတများနှင့် ပီရူးနိုင်ငံမှဝန်ကြီးများ၊ ကောင်စီအကြီးအကဲတို့တက်ရောက်မည်ဖြစ်သည်။

လက်တင်အမေရိက နိုင်ငံများသမဂ္ဂသည် ၎င်း၏နောက်ဆုံး ထိပ်သီးဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယနေ့လက်တင်အမေရိကနိုင်ငံများသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲတွင် လက်တင်အမေရိက ခေါင်းဆောင်များအနေဖြင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရာဇဝတ်မှုပူးပေါင်းတိုက်ဖျက်ရေးတို့ကို ဆွေးနွေးသင့်သည်ဟု ဘရာဇီးသမ္မတက ပြောကြားထားကြောင်း သိရသည်။ KKO

# ကိုဆိုဗို ဇဗီကန်မြို့တော်ခန်းမကို နေတိုးတပ်ဖွဲ့ဝင်များ လုံခြုံရေးယူထား

**ဇဗီကန် မေ ၃၀**

ကိုဆိုဗိုနိုင်ငံ ဇဗီကန်မြို့ မြို့တော်ခန်းမ၌ ယနေ့တွင် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး) တပ်ဖွဲ့ဝင်များက လုံခြုံရေးရယူထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇဗီကန်မြို့တွင်း၌ ဖြစ်ပွားခဲ့သော အဓိကရုဏ်းဖြစ်စဉ်များအတွင်း နေတိုးတပ်ဖွဲ့ဝင် ဦးရေ ၃၀နှင့် ဆာ့ဘ်လူမျိုးဆန္ဒပြသမား ၅၂ ဦးဒဏ်ရာများရရှိခဲ့ပြီးနောက် မြို့တော်ခန်းမလုံခြုံရေးကို နေတိုးတပ်ဖွဲ့ဝင်များက ရယူထားခြင်းဖြစ်သည်။

ဆာ့ဘ်လူမျိုးအများစုနေထိုင်ရာ ကိုဆိုဗိုမြောက်ပိုင်း နယ်မြေများ၌ မြို့တော်ဝန်ရာထူးများကို အယ်လ်ဘေးနီးယားလူမျိုးစုဝင်များက ရယူခဲ့ပြီးနောက် ကိုဆိုဗိုမြို့၌ ဆာ့ဘ်နှင့် အယ်လ်ဘေးနီးယားလူမျိုးများကြား တင်းမာလာခဲ့ရသည်။

ယခုနှစ် ဧပြီလအတွင်း ကျင်းပခဲ့သောရွေးကောက်ပွဲများကို ဆာ့ဘ်လူမျိုးများက သပိတ်မှောက်ခဲ့ရာ ကိုဆိုဗိုမြောက်ပိုင်း မြို့တော်ဝန်ရာထူးများကို အယ်လ်ဘေးနီးယားလူမျိုးများက ရရှိခဲ့ခြင်းဖြစ်သည်။

ကိုဆိုဗိုသည် ၂၀၀၈ ခုနှစ်တွင် ဆားဘီးယားနိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေး ကြေညာထားသောနိုင်ငံဖြစ်သည်။

သို့သော် ကိုဆိုဗိုမြောက်ပိုင်းရှိ ဆာ့ဘ်လူမျိုးများသည် ကိုဆိုဗို လွတ်လပ်ရေးကြေညာမှုကို အသိအမှတ်ပြုထားခြင်းမရှိဘဲ ဆားဘီးယားအစိုးရကိုသာ အသိအမှတ်ပြုခဲ့ကြကြောင်း သိရသည်။ KKO

# အိန္ဒိယ၌ ဘုရားဖူးယာဉ် လျှိုထဲထိုးကျမှုဖြစ်ပွား အနည်းဆုံး ၁၀ ဦးသေဆုံး၍ ၅၅ ဦးဒဏ်ရာရရှိ

**ဒေလီ မေ ၃၀**

အိန္ဒိယ ထိန်းချုပ်မှုအောက်ရှိ ကက်ရှ်မီးယားဒေသသို့ သွားရောက်မည့် ဟိန္ဒူဘုရားဖူးခရီးသည်များ တင်ဆောင်ထားသည့် ခရီးသည်တင်ဘတ်စကားတစ်စီးသည် ယနေ့တွင် အဝေးပြေးလမ်းတံတားပေါ်မှ လမ်းချော်၍ လျှိုအတွင်းထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ခရီးသည်တင် ဘတ်စကား လျှိုထဲထိုးကျမှုကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံး၍ ၅၅ ဦးဒဏ်ရာများရခဲ့သည်ဟု အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်စကားသည် ပန်ဂျပ်ပြည်နယ် အမ်ဗရစ်ဆာမြို့မှ ကက်ရှ်မီးယားဒေသ ကာထရာ အမည်ရှိမြို့သို့ မောင်းနှင်နေစဉ်



လမ်းချော်၍ လျှိုအတွင်း ထိုးကျခဲ့ရခြင်းဖြစ်သည်။

ယင်းခရီးသည်တင်ဘတ်စကားသည် ခရီးသည်များနှင့်ကုန်စည်များကိုသတ်မှတ်ချက်ထက် ကျော်လွန်တင်ဆောင်ထားဟု အိန္ဒိယတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ကတ်ထရာမြို့ရှိ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းသည် နှစ်စဉ်နှစ်တိုင်း ဟိန္ဒူဘုရားဖူးခရီးသည်ထောင်ပေါင်းများစွာတို့လာရောက်လေ့ရှိသော ဘာသာရေးနယ်မြေတစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ယာဉ်မတော်တဆမှုများကြောင့် လူသေဆုံးမှုနှုန်းအမြင့်ဆုံး ကမ္ဘာ့နိုင်ငံများထဲတွင်ပါဝင်ပြီး ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ်လူထောင်ပေါင်းများစွာ သေဆုံးဒဏ်ရာရခဲ့ကြကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ လူသားများစေလွှတ်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ စီစဉ်ထား



**ပေကျင်း မေ ၃၀**

၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ လူသားများစေလွှတ်ရန် တရုတ်အမျိုးသား အာကာသ အေဂျင်စီက စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

လကမ္ဘာ စူးစမ်းလေ့လာရေး အစီအစဉ်အရ လပေါ်သို့လူသားများစေလွှတ်မှုအဆင့်ကို မကြာသေးမီကပင် တရုတ်နိုင်ငံက စတင်နေပြီဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက မေ ၂၉ ရက် သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုကြေညာထားသည်။

မိမိတို့အနေဖြင့် ၂၀၃၀ပြည့်နှစ်အရောက်တွင် လပေါ်သို့လူသားများစေလွှတ်၍ စူးစမ်းလေ့လာမှုများ၊ နည်းပညာစမ်းသပ်မှုများ ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း တရုတ်အမျိုးသား အာကာသ အေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံသည် လပေါ်သို့ လူသားများ စေလွှတ်ရေးအတွက် လောင်းမတ်ချ်-၁၀ မျိုးဆက်သစ် ဒုံးပျံ၊ မျိုးဆက်သစ်အာကာသ လူသယ်ယာဉ်နှင့် လဆင်းယာဉ်တို့ကို တည်ဆောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံကဲ့သို့ပင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကလည်း အားတီးမစ်မစ်ရှင်များဖြင့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် လပေါ်သို့လူသားများ စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံနှစ်နိုင်ငံစလုံးသည် လဆင်းယာဉ်များနှင့် လမျက်နှာပြင်လေ့လာရေးယာဉ်များကို အောင်မြင်စွာစေလွှတ်ထားသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

KKO

## ဂျာမနီနိုင်ငံအခြေစိုက် BMW ကားကုမ္ပဏီ၏ 5 Series ဆလွန်းကားက အလိုအလျောက်ယာဉ်ကြောပြောင်းပေးနိုင်

**ဘာလင် မေ ၃၀**

ဂျာမနီနိုင်ငံအခြေစိုက် BMW ကားကုမ္ပဏီ၏ 5 Series ဆလွန်းကားသည် ယာဉ်ဘေးကြည့်မှန်များကို ယာဉ်မောင်းကကြည့်ပေးရုံဖြင့် အလိုအလျောက် ယာဉ်ကြောပြောင်းပေးနိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

5 Series ဆလွန်းကားများသည် တစ်စီးလျှင် စတာလင်ပေါင် ၅၀၀၀၀ ခန့်ရှိသည့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များဖြစ်သည်။

အဆိုပါကားများ၏ စတီယာရင် လက်ကိုင်ခွေ နောက်ဘက်တွင် ယာဉ်မောင်း၏အကြည့်ကို စောင့်ကြည့်နေသည့်ကင်မရာစနစ်များ တပ်ဆင်ထားသည်။

အကယ်၍ ယာဉ်ကြောပြောင်းမောင်းရန် လိုလာသည့်အချိန်တွင် ဘေးကြည့်မှန်ဘက်သို့ ကြည့်ပေးခဲ့ပါက ယာဉ်မောင်းအနေဖြင့် တစ်စုံတစ်ရာ ပြုလုပ်ရန်မလိုဘဲ ယာဉ်၏ အလိုအလျောက်စနစ်များက ယာဉ်ကြော ပြောင်းပေးနိုင်ကြောင်း BMW ၏ အဆိုအရ သိရသည်။



5 Series ဆလွန်းကားများတွင် တပ်ဆင်ထားသည့် Active Lone Change Assistant စနစ်အရ ယာဉ်ကြောပြောင်းရန် လိုချိန်တွင် ၎င်းစနစ်က ယာဉ်၏လမ်းကြောကို အလိုအလျောက် ထိန်းကျောင်း ပြောင်းလဲပေးနိုင်ကြောင်း BMW တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါစနစ်သည် ယာဉ်ကြောအခြေအနေခွင့်ပြုနိုင်သမျှ ကားစတီယာရင် ဘီးခွေလှုပ်ရှားမှုကို လိုအပ်သလို ထိန်းကျောင်းပေးနိုင်ကြောင်း သိရသည်။

KKO

## အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ရှန်ကျန်း-၁၆ အာကာသလူသယ်ယာဉ်ကို တရုတ်နိုင်ငံ အောင်မြင်စွာလွှတ်တင်

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံသည် အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ရှန်ကျန်း-၁၆ အာကာသလူသယ်ယာဉ်ကို ယနေ့တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားတင်ပြထားသည်။

ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်သည် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံမှ အောင်မြင်စွာထွက်ခွာ၍ သတ်မှတ်ပတ်လမ်းပေါ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ပတ်လမ်းပေါ်သို့ရောက်ရှိပြီးနောက် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းယာဉ်ကို အမီလိုက်ပျံသန်း၍ အလိုအလျောက်ချိတ်ဆက်မှုစနစ်ဖြင့် ချိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်း၌ ငါးလခန့်ကြာ နေထိုင်၍ တာဝန်များ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၆ အာကာသမစ်ရှင်သည် တီယန်ကောင်းအာကာသစခန်း လုပ်ငန်းလည်ပတ်မှုစတင်ခဲ့ပြီးနောက်ပိုင်း လွှတ်တင်ခဲ့သည့် ပထမဆုံးအာကာသ လူသယ်ယာဉ်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ရင်သားကင်ဆာဆဲလ်များပျံ့နှံ့နိုင်မှုရှိမရှိ အသိဉာဏ်တုဆော့ဖ်ဝဲလ်တစ်မျိုးက ခန့်မှန်းပေးနိုင်

**လန်ဒန် မေ ၃၀**

ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့နိုင်မှုရှိမရှိကို ခန့်မှန်းနိုင်သည့် အသိဉာဏ်တုနည်းပညာ ဆော့ဖ်ဝဲလ်တစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း The Daily Mail သတင်းစာက မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ အသိဉာဏ်တုနည်းပညာ ဆော့ဖ်ဝဲလ်သည် ရင်သားကင်ဆာလူနာ ပြန်ရည်ကျိတ်များ (Lymph Nodes) များ၏ ခုခံအားစနစ်တုံ့ပြန်မှုကို တိုင်းတာခြင်းဖြင့် ကင်ဆာဆဲလ်များ ပျံ့၊ မပျံ့ကိုခန့်မှန်းနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် အဆိုပါ အသိဉာဏ်တုနည်းပညာဆော့ဖ်ဝဲလ်ကို Triple Negative Breast Cancer ခေါ် ရင်သားကင်ဆာတစ်မျိုး ခံစားနေရသည့် လူနာများ၏ ပြန်ရည်ကျိတ်များဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသောရလဒ်များအရ အဆိုပါဆော့ဖ်ဝဲလ်သည် ကင်ဆာဆဲလ်ပျံ့နှံ့နိုင်ခြေ ရှိ၊ မရှိ ကို ခန့်မှန်းပေးနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါအသိဉာဏ်တုနည်းပညာ ဆော့ဖ်ဝဲလ်ကြောင့် ရင်သားကင်ဆာလူနာတစ်ဦးချင်းစီအတွက် အသင့်လျော်ဆုံး ကုထုံးများကို ရှာဖွေရေးအတွက် လမ်းစပွင့်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။ KKO

## စိတ်ဖိစီးမှုကြောင့် MS လူနာများ၌ ရောဂါလက္ခဏာသစ်များ ပေါ်ထွက်လာနိုင်

**နယူးယောက် မေ ၃၀**

စိတ်ဖိစီးမှုပြဿနာကြောင့် ဗဟိုအာရုံ နာ့ဗ်ဆဲလ်စနစ်ပြိုကွဲပျက်စီးမှုရောဂါ (MS) လူနာများ၌ ရောဂါလက္ခဏာသစ်များပေါ်ထွက်လာမှု သို့မဟုတ် လက္ခဏာဟောင်းများ ပိုဆိုးလာမှုတို့ဖြစ်ပွားနိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဦးနှောက်နှင့်ကျောရိုး အာရုံနာ့ဗ်ဆဲလ်စနစ်များအပေါ် အကျိုးသက်ရောက်မှုရှိသည့် MS ရောဂါကြောင့် လမ်းလျှောက်ရခက်ခဲခြင်း၊ ကြွက်သားများ အလိုအလျောက် ကျုံ့သွားတတ်ခြင်း၊ အမြင်ဝေဝါးခြင်း၊ စိတ်ဖိစီးခြင်းစသည့် ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

MS လူနာအများစုတွင် အထက်ပါရောဂါလက္ခဏာများမှာ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ရှိနေတတ်ပြီး လူနာအများအပြားမှာမူ လအတန်ကြာမျှ အထက်ပါရောဂါလက္ခဏာများ ခံစားရမှုမှလွတ်ကင်းတတ်လေ့ရှိသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ MS ရောဂါလက္ခဏာသစ်များ ပေါ်လာမှုနှင့် လက္ခဏာဟောင်းများ ပိုဆိုးလာမှုပြဿနာသည် စိတ်ဖိစီးမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ စိတ်ဖိစီးမှုရှိသော MS လူနာများ၌ ရောဂါလက္ခဏာသစ်များ မကြာခဏပေါ်နိုင်ခြေနှင့် လက္ခဏာဟောင်းများ မကြာခဏ ပိုဆိုးလာနိုင်ခြေတို့ မြင့်မားနေတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် MS လူနာဦးရေ ၇၀၀ ကျော်၏ ရောဂါခံစားရပုံများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၄ ယူရိုခြေစစ်ပွဲစဉ်ကို ဒူးဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် လွဲချော်နိုင်ဟုဆို

**လန်ဒန် မေ ၂၀**

ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် အင်္ဂလန်အသင်းနှင့် ကစားရမည့် ၂၀၂၄ ယူရိုခြေစစ်ပွဲ အသင်းလူစာရင်းတွင် ရွေးချယ်ခံထားရသော်လည်း ဒူးဒဏ်ရာ ရရှိနေသည့်အတွက် လာမည့်ဇွန်လတွင်ကစားရမည့် ခြေစစ်ပွဲစဉ်များကို လွဲချော်နိုင်သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီ ဒေါ့မွန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သဖြင့် ဘွန်ဒက်လီဂါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပြီးနောက် ၎င်းအနေဖြင့် ယခင်ရရှိခဲ့သည့် ဒူးဒဏ်ရာက အခြေအနေဆိုးရွားလာသည့်အတွက် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် လာမည့် ဇွန် ၁၆ ရက်တွင် ကစားရမည့် မော်တာအသင်းပွဲစဉ်နှင့် ဇွန် ၁၉ ရက်တွင်ကစားရမည့် မြောက်မက်ဆီဒိုးနီးယားအသင်း ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့်နှစ်လလောက်ကတည်းက ဒူးဒဏ်ရာပြဿနာရှိနေသော်လည်း အသင်းအတွက် ပါဝင်ကစားပေးနေခဲ့ပြီး အသင်းကိုအမှတ်ပေးဆုဖလားရယူနိုင်ရန် အခွင့်အရေးကောင်းများ ဖန်တီးပေးနိုင်ခဲ့သော်လည်း နောက်ဆုံးပွဲစဉ်တွင် ဒူးဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်း မရှိသည့်အတွက် မိန့်ဇ်အသင်းကို နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် ချန်ပီယံဆုဖလားရရှိမည့် အခွင့်အရေးနှင့်လွဲချော်ခဲ့ပြီး ၎င်း၏ဒဏ်ရာအခြေအနေမှာလည်း ဆိုးရွားလာသောကြောင့် ခွဲစိတ်ကုသမှုခံယူရမည့်အခြေအနေဖြစ်သည်။

လက်ရှိတွင် ဘယ်လင်ဟမ်အနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုခံယူရန်အတွက် ဆုံးဖြတ်ချက်ချရမည်ဖြစ်ပြီး ၎င်းအနေဖြင့်ခွဲစိတ်မှုမပြုလုပ်ခဲ့ပါက လာမည့်ယူရိုခြေစစ်ပွဲစဉ်တွင် ကြံ့ခိုင်မှုမပြည့်ဝသည့်အတွက် အရန်လူစာရင်းတွင်သာပါဝင်နိုင်မည် ဖြစ်သောကြောင့် အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်အနေဖြင့်လည်း ဘယ်လင်ဟမ်ကို အသင်းလူစာရင်းတွင် ဆက်လက်ထည့်သွင်းခြင်း ရှိ၊ မရှိကို လာမည့်ရက်သတ္တပတ်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက စပိန်တင်းလစ္စဘွန်းခံစစ်ကစားသမား အူဂါတီကို စတာလင်ပေါင် ၅၃ သန်းဖြင့် ခေါ်ယူနိုင်ရန် တရားဝင်ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- အေဂျက်အသင်း အမှုဆောင်ဒါရိုက်တာ ဗန်ဒါဆား လာမည့်နွေရာသီတွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဖရန့်ဖတ်အသင်း ကွင်းလယ်ကစားသမား ကာမာဒါကို အေစီမီလန်အသင်းက ငါးနှစ်သက်တမ်းစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။
- ပဲလေ့စ်အသင်းက နည်းပြရှိုင်ဟော့ဆန်၏နေရာတွင် အစားထိုးရန်အတွက် ဂရာဟမ်ပေါ်တာနှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။ ML

# အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(A)တွင် ကျရောက်



**ရန်ကုန် မေ ၂၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ မဲခွဲမှုအပြီးတွင် မြန်မာယူ-၂၃ အသင်းသည် အုပ်စု(A)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းကို နည်းပြအဖြစ် မြန်မာ့လက်ရွေးစင်အသင်း နည်းပြဖိုက်တန်ဘိုင်နာက တာဝန်ယူ ကိုင်တွယ်သွားဖွယ်ရှိနေပြီး အသင်းကိုလည်း ပြီးခဲ့သည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ- ၂၂ အသင်းမှ ကစားသမားများသာ အခြေခံပြီး စုဖွဲ့မည်ဖြစ်သည်။

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ မြန်မာယူ-၂၃အသင်းနှင့်အတူ ထိုင်းယူ-၂၃ အသင်း၊ ကမ္ဘောဒီးယားယူ-၂၃ အသင်း၊ ဘရူနိုင်းယူ-၂၃ အသင်း၊ အုပ်စု(B)တွင် တီမောလက်စ်တေယူ-၂၃ အသင်း၊ မလေးရှားယူ-၂၃အသင်းနှင့် အင်ဒိုနီးရှားယူ-၂၃အသင်း၊ အုပ်စု(C)တွင် ဗီယက်နမ်ယူ-၂၃ အသင်း၊ ဖိလစ်ပိုင်ယူ-၂၃အသင်းနှင့် လာအိုယူ-၂၃အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း သိရသည်။ STA

# ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရရှိ

**မန်ချက်စတာ မေ ၂၀**

ယနေ့ ကျင်းပပြုလုပ်သည့် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က အသင်းအတွက် ၅၅ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၃၀ ထိသွင်းယူနိုင်ခဲ့သောကြောင့် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့ပြီး လာမည့် ဇွန် ၃ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့်အက်ဖ်အေဖလား ဗိုလ်လုပွဲကစားရန်ကျန်ရှိနေသေးသော်လည်း တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ကွင်းလယ်ကစားသမားဟောင်း ရိုင်ယန်ဂစ်နောက်ပိုင်း မန်ယူအသင်းအကယ်ဒမီမှထွက်ရှိသည့် ကစားသမားများထဲတွင် ပထမဆုံးအကြိမ်အကောင်းဆုံးဆုရရှိခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် တစ်နှစ်တာအကောင်းဆုံး သွင်းဂိုးဆုကို ယူရိုပါလိဂ်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအား သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် အန်တိုနီကလည်းကောင်း၊ အမျိုးသမီးတစ်နှစ်တာ အကောင်းဆုံးဆုနှင့် တစ်နှစ်တာ အကောင်းဆုံး သွင်းဂိုးဆုကို တိုက်စစ်မှူး ရက်ဆိုကလည်းကောင်း ဆွတ်ခူးခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြတန်ဟတ်လက်ထက်တွင် ပုံစံကောင်းပြန်လည်ရရှိခဲ့သဖြင့် ကာရာဘောင်းဖလားတစ်လုံးရရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၃)သို့ရောက်ရှိခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ပြီး မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ ML

# ဗစ်ဆဲလ်အသင်းမှထွက်ခွာမည်ဖြစ်သော်လည်း ကစားသမားဘဝမှ အနားယူမည်မဟုတ်ကြောင်း အင်နီယေစတာပြောကြား

**တိုကျို မေ ၂၀**

ဂျပန်ကလပ် ဗစ်ဆဲလ်အသင်းနှင့်ကစားနေသည့် ကွင်းလယ်ကစားသမား အင်နီယေစတာက လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဖြစ်သော်လည်း ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ထားခြင်းမရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝါရင့်ကွင်းလယ်ကစားသမား အင်နီယေစတာသည် ၂၀၁၈ ခုနှစ်က ဘာစီလိုနာအသင်းမှထွက်ခွာခဲ့ပြီးနောက် ဂျပန်ဂျေလိဂ်ကလပ် ဗစ်ဆဲလ်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့် ထပ်မံသက်တမ်းတိုးခဲ့သောကြောင့် လာမည့် ၂၀၂၄ ခုနှစ်မှ သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ သုံးပွဲသာပါဝင်ကစားခွင့်ရခဲ့ပြီး ပွဲကစားခွင့်နည်းပါးလာသောကြောင့် လာမည့် ဇူလိုင်လတွင် အသင်းမှထွက်ခွာမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၉ နှစ်ရှိ အင်နီယေစတာသည် ဂျပန်လိဂ်မှထွက်ခွာမည်ဖြစ်သော်လည်း ကစားသမားဘဝမှ အနားယူမည့်အစီအစဉ်မရှိကြောင်းပြောကြားခဲ့ပြီး စိန်ခေါ်မှုအသစ်များ ထပ်မံရင်ဆိုင်ရန် အခြားကလပ် အသင်းတစ်ခုခုသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေကာ ဆော်ဒီကလပ် အသင်းများဆီသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။



အင်နီယေစတာက "ကျွန်တော့်အနေနဲ့ ကစားသမားဘဝကအနားမယူသေးပါဘူး။ ကျွန်တော်ဘောလုံးဆက်ကစားနေမှာဖြစ်သလို ကွင်းထဲမှာ ဘာမဆိုလုပ်နိုင်သေးတယ်လို့ ခံစားနေရပါတယ်။ လက်ရှိ ဂျေလိဂ်မှာတော့ ကျွန်တော့်ရဲ့အခန်းကဏ္ဍ အဆုံးသတ်တော့မှာပါ။ နောက်ထပ် ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။ ကျွန်တော်ကတော့ ကွင်းထဲမှာဘောလုံးကစားနေရင်းနဲ့ပဲ ကစားသမားဘဝကို အဆုံးသတ်ချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# AFC Futsal Asian Cup 2024 ခြေစစ်ပွဲစဉ်များ ဆီဒင်သတ်မှတ်ချက်၌ မြန်မာအသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်



**ရန်ကုန် မေ ၃၀**

ယခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် AFC Futsal Asian Cup 2024 ခြေစစ်ပွဲစဉ်များအတွက် အုပ်စုမဲခွဲရန် မဲအိုးနံပါတ်များ သတ်မှတ်ခဲ့ရာ မြန်မာအသင်းသည် မဲအိုးနံပါတ်(၂)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

မဲအိုးသတ်မှတ်အပြီးတွင် မဲအိုးနံပါတ်(၁)၌ ဂျပန်၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကူဝိတ်၊ ဗီယက်နမ်၊ တာဂျစ်ကစ္စတန်အသင်း၊ မဲအိုးနံပါတ်(၂)တွင် မြန်မာအသင်းနှင့်အတူ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ တရုတ်(တိုင်ပေ)၊ အီရတ်၊ တာ့ခ်မင်နစ္စတန်၊ လက်ဘနွန်၊ တောင်ကိုရီးယားတို့ ပါဝင်ခဲ့ကြသည်။

ထို့အတူ မဲအိုးနံပါတ်(၃)တွင် ကာဂျစ်စတန်၊ အာဖဂန်နစ္စတန်၊ မလေးရှား၊ ဩစတြေးလျ၊ ပါလက်စတိုင်း၊ ဟောင်ကောင်၊ အရှေ့တီမော၊ နီပေါတို့ပါဝင်လျက်ရှိပြီး မဲအိုးနံပါတ်(၄)တွင် ကမ္ဘောဒီးယား၊ မော်ဒိုက်၊ ဘရူနိုင်း၊ တရုတ်၊ အိန္ဒိယ၊ မကာအို၊ မွန်ဂိုလီးယားအသင်းတို့ ကျရောက်ခဲ့ကြသည်။

AFC Futsal Asian Cup 2024 ခြေစစ်ပွဲစဉ်များ၏အုပ်စုမဲခွဲမှုကို ဇွန် ၂၂ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲကို အုပ်စု ရှစ်ခုဖြင့် အိမ်ရှင် ရှစ်နိုင်ငံတွင်ကျင်းပမည်ဖြစ်ကာ ဥဇဘက်ကစ္စတန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ တာဂျစ်ကစ္စတန်၊ ဘာရိန်း၊ တရုတ်(တိုင်ပေ)၊ ကာဂျစ်စတန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# နောက်ကျောဒဏ်ရာကြောင့် ဂျက်ဆီကာကော့ဒါ ဂေါက်သီးရိုက်ကစားခြင်းမှ ခေတ္တရပ်နားမည်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်ဂေါက်သီးရိုက်မယ် ဂျက်ဆီကာကော့ဒါသည် နောက်ကျောဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရပြီးဒဏ်ရာပြဿနာကို လိုအပ်သည့် ဆေးဝါးကုသမှုခံယူမည်ဖြစ်သည့်အတွက် ဂေါက်သီးရိုက်ကစားခြင်းမှ ခေတ္တရပ်နားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ဆီကာကော့ဒါသည် နေအိမ်တွင် အနားယူရင်းနောက်ကျောဒဏ်ရာကို ဆေးကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာအခြေအနေ တိုးတက်လာခြင်းမရှိသည့်အတွက် ကျွမ်းကျင်သော ဆရာဝန်များဖြင့် ပြသကာခွဲစိတ်ကုသရန် လိုအပ်ပါက ခွဲစိတ်ကုသမှုခံယူမည်ဖြစ်ကြောင်းလည်းထုတ်ပြန်ခဲ့သည်။

ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆုဖလားခြောက်လုံး ဆွတ်ခူးထားသည့် ဂျက်ဆီကာကော့ဒါသည် ဒဏ်ရာပြဿနာမှ အမြန်ဆုံး ပြန်လာနိုင်ရေးအတွက် အာရုံစိုက်မည်ဖြစ်ပြီး ဆေးကုသမှုအတွက်လည်း အချိန်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

နောက်ကျောဒဏ်ရာကိုအချိန်ပေးကာ ဆေးကုသမှုပြုလုပ်မည်ဖြစ်သည့်အတွက်ကြောင့် မည်သည့်ကာလတွင် ပြိုင်ပွဲပြန်ဝင်နိုင်မည်ကို အတိအကျ မသိနိုင်သေးကြောင်းကိုလည်း လူမှုကွန်ရက်မှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့သည်။

ဂျက်ဆီကာကော့ဒါ၏ ညီမဖြစ်သူ ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ်အဖြစ် ရပ်တည်ခဲ့ဖူးပြီး လက်ရှိကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် နယ်လီကော့ဒါသည်လည်း လက်မောင်းတွင်သွေးခဲသည့် ရောဂါဝေဒနာကြောင့် ကာလရှည် အနားယူခဲ့ရဖူးသည်။

ဂျက်ဆီကာကော့ဒါသည် ညီမဖြစ်သူကဲ့သို့ရောဂါမျိုးမဟုတ်သည့်အတွက် ဂေါက်သီးရိုက်ပြိုင်ပွဲများသို့ အမြန်ဆုံး ပြန်လာနိုင်မည်ကို ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

AZL

# လာမည့်ဩဂုတ်လတွင် အန်တိုနီဂျိုရှာနှင့် ဒီလီယန်ဝိုက်တို့ စိန်ခေါ်ပွဲထိုးသတ်သွားမည်



**လန်ဒန် မေ ၃၀**

နာမည်ကြီး Promoter ဖြစ်သူ အက်ဒီဟန်းက WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာသည် လာမည့်ဩဂုတ်လတွင် အမေရိကန်လက်ဝှေ့သမား ဒီလီယန်ဝိုက်နှင့် ထိုးသတ်မည်ဖြစ်ကြောင်းအတည်ပြုထုတ်ပြန်ခဲ့သည်ဟု DAWN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်ဒီဟန်းက အန်တိုနီဂျိုရှာအတွက် ပြိုင်ဘက်ရှာဖွေပေးကာ ပွဲစီစဉ်ပေးနေပြီး ဒီလီယန်ဝိုက်သည် အန်တိုနီဂျိုရှာအတွက် အသင့်လျော်ဆုံးပြိုင်ဘက်ဖြစ်သောကြောင့် စိန်ခေါ်ပွဲဖြစ်မြောက်ရန် ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

အက်ဒီဟန်းက အန်တိုနီဂျိုရှာအတွက် ယခုနှစ်အတွင်းစိန်ခေါ်ပွဲ နှစ်ပွဲစီစဉ်ပေးမည်ဖြစ်ပြီး ဒီလီယန်ဝိုက်နှင့်ထိုးသတ်ပြီးပါက လာမည့် ဒီဇင်ဘာလတွင် ဆော်ဒီနိုင်ငံ၌ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား ဒီယွန်တေနှင့် ပွဲစီစဉ်မည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့ချန်ပီယံဖြစ်သူ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီသည် လာမည့်စက်တင်ဘာလတွင် အန်တိုနီဂျိုရှာနှင့်ထိုးသတ်ရန် အက်ဒီဟန်းထံသို့ ဆက်သွယ်မှုပြုလုပ်ထားသည်ဟု သတင်းများထွက်ပေါ်လာသော်လည်း အက်ဒီဟန်းကအဆိုပါ သတင်းများကို ငြင်းဆန်ခဲ့သည်။

အက်ဒီဟန်းက "တိုင်ဆန်ဖျူရီရဲ့ Promoter ဟာ လာမဲ့စက်တင်ဘာလမှာ အင်္ဂလန်နိုင်ငံ ဝင်ဘာလေကွင်းကြီးမှာ ထိုးသတ်ဖို့အတွက် ကမ်းလှမ်းမှု ပြုလုပ်ခဲ့တယ်လို့ သတင်းတွေမှာ ဖော်ပြနေတယ်။ သတင်းတွေမှာတော့ စာချုပ်မူကြမ်းကိုတောင် ပေးပို့ထားတယ်လို့ ရေးသားဖော်ပြနေကြတယ်။ သတင်းမှားတွေပါ။ ဆက်သွယ်လာတာ မရှိသေးပါဘူး။ တိုင်ဆန်ဖျူရီနဲ့ ပတ်သက်ပြီးသတင်းတွေမှာဖော်ပြနေတာက အားလုံးမှားနေတာတော့ မဟုတ်ပါဘူး။ တချို့တစ်ဝက်မှန်ပါတယ်။ ကျွန်တော့်အနေနဲ့ အန်တိုနီဂျိုရှာအတွက် ဒီနှစ်ထဲစိန်ခေါ်ပွဲ နှစ်ပွဲစီစဉ်မှာဖြစ်ပါတယ်။ ပထမတစ်ပွဲကတော့ ဒီလီယန်ဝိုက်နဲ့ လာမဲ့ဩဂုတ်လမှာ ထိုးသတ်ဖို့စီစဉ်ထားပါတယ်။ လာမဲ့ ဒီဇင်ဘာလကျရင်တော့ ဒီယွန်တေနဲ့ဆော်ဒီမှာ ထိုးသတ်ဖို့အတွက်လဲ ဆက်လက်စီစဉ်မှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဆားဘီးယားကစားသမား ဂျိုကိုဗစ် တက်ရောက်

**ပဲရစ် မေ ၃၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၃)နေရာတွင်ရပ်တည်နေသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အမေရိကန်တင်းနစ်ကစားသမားကိုဗာစီဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃ ၊ ၆-၂ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား ၂၂ လုံး ထိရရှိထားပြီး ဂရန်းစလန်းဆုဖလား အများဆုံးဆွတ်ခူးထားသောကစားသမားအဖြစ် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့်အတူ ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျိုကိုဗစ်က "ကျွန်တော့်အနေနဲ့ ယှဉ်ပြိုင်ကစားရတဲ့ ပြိုင်ဘက်တိုင်းကို အနိုင်ရချင်တယ်။ ဒါပေမဲ့လဲ တစ်ခါတစ်လေမှာ ဆန္ဒတွေပြည့်ဝခဲ့သလို တစ်ခါတစ်လေမှာတော့ ဆန္ဒအတိုင်းဖြစ်မလာဘူး။ ပထမအဆင့်ပွဲစဉ်မှာ အနိုင်ရခဲ့တဲ့အတွက် ပြိုင်ပွဲတွေထဲမှာ ဆက်လက်ရှိခွင့်ရအုံးမယ်။ ဒီပွဲစဉ်ဟာ ပြိုင်ပွဲရဲ့အစဖြစ်တဲ့အတွက် အရမ်းကိုအရေးကြီးတယ်။ အဖွင့်ပွဲစဉ်မှာ အနိုင်ရလဒ်နဲ့စတင်ပြီး အကောင်းဆုံးပုံစံရခဲ့ရင် ပြိုင်ပွဲတစ်လျှောက် စိတ်ဓာတ်ပိုင်း တက်ကြွလာမယ်လို့လဲ ယုံကြည်တယ်။ ပထမအဆင့်ပွဲစဉ်မှာ ပုံစံကောင်းရခဲ့သလို ဒုတိယအဆင့်ကျရင်လဲ ဒီထက်ပိုကောင်းတဲ့ပုံစံနဲ့ ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# UEFA Assist Football for Women Programme အစီအစဉ်ကျင်းပမည်

**ရန်ကုန် မေ ၃၀**

ဥရောပ ဘောလုံးအဖွဲ့ချုပ်(UEFA) ၏ အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ်ကျင်းပမည့် UEFA Assist Football for Women Programme အစီအစဉ်ကို လာမည့် ဇွန် ၂ ရက်မှ ၅ ရက်ထိ နိုဗိုတယ်ဟိုတယ်(ရန်ကုန်မက်စ်)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ဘောလုံး အသိုင်းအဝိုင်းအတွင်း ကဏ္ဍအသီးသီး၌ လုပ်ကိုင်ဆောင်ရွက်နေသည့် အမျိုးသမီးဝန်ထမ်းများ၏အရည်အသွေးနှင့် စီမံခန့်ခွဲမှုအရည်အချင်းများတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အသက် ၁၈ နှစ်မှ ၄၀ အတွင်းရှိ ဘောလုံး အသိုင်းအဝိုင်းအတွင်း ဌာနပေါင်းစုံမှ အမျိုးသမီးဝန်ထမ်းများ၊ ကလပ်အသင်းများ၊ ကစားသမားများ၊ ဒိုင်၊ နည်းပြ၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မီဒီယာစသည့်ကဏ္ဍအသီးသီးမှ အမျိုးသမီးဦးရေ ၁၀၀ ကျော်တက်ရောက်ကြမည်ဖြစ်သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်(UEFA)၏ အမျိုးသမီးဘောလုံးရေးရာစီမံခန့်ခွဲမှု ကျွမ်းကျင်သူသုံးဦးမှ ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး အမျိုးသမီးဘောလုံးလောက၏ အခန်းကဏ္ဍကို အမျိုးသားဘောလုံးလောကနှင့်တန်းတူဖြစ်လာစေရန်၊ အမျိုးသမီးဘောလုံးလောကသားများအတွက် လစာ၊ အကျိုးခံစားခွင့်၊ အခြေခံ အဆောက်အအုံများ တိုးတက်လာစေရန်၊ အမျိုးသမီးနည်းပြများ၏နည်းစနစ်ပိုင်းတိုးတက်ကောင်းမွန်လာရန်၊ အမျိုးသမီးလိဂ်အပြင် သက်တမ်းအလိုက်လိဂ်များကျင်းပနိုင်ရန်၊ ဘောလုံးနှင့်ပတ်သက်သည့် စီးပွားရေးကိစ္စရပ်များပါတိုးတက်လာရန်၊ နည်းဗျူဟာကျသည့်အစီအစဉ်များ ရေးဆွဲပေးနိုင်ရန်၊ မြန်မာ့အမျိုးသမီးဘောလုံးကိုလည်း အမျိုးသားများနည်းတူ အောက်ခြေအဆင့်မှစတင်ရွေးချယ်ခြင်း၊ အကယ်ဒမီကဲ့သို့သက်တမ်းအလိုက် အသင်းများကို စနစ်တကျဖွဲ့စည်းလေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

STA

# ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုနောက်ကွယ်မှ အကြောင်းတရားများ



ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ် ဘန်နန်ဆာတာခရိုင်တွင် ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလို မေ ၁၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းသည် အဆိုပါဒေသတွင် သောင်းကျန်းသူများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပိတ်မိနေဆဲဖြစ်ကြောင်းကို ထင်ဟပ်စေလျက်ရှိသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကြည်းတပ်တပ်ဖွဲ့ဝင် တစ်ဦးနှင့် ရိန်ဂျာတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် လွန်ခဲ့သောလအနည်းငယ်ကတည်းက ထိုင်းနိုင်ငံတောင်ပိုင်းပဋိပက္ခနှင့်စပ်လျဉ်း၍ ကြိုတင်သတိပေးမှုများ လုပ်ဆောင်လျက်ရှိသည်။ အကြမ်းဖက်ဒဏ်ခံနေရသော ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဆူပူအကြမ်းဖက်မှုများ မြင့်တက်လာရန်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ကထက် ပိုမိုများပြားလာဖွယ်ရာရှိကြောင်း အရှေ့တောင်အာရှရှိ အကြမ်းဖက်နှင့် သောင်းကျန်းသူဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဇာချာရီအဘူဇာက Benar News သတင်းစာတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သောတစ်လခန့်က ရာမာဒန်ဥပုသ်နေ့နောက်ဆုံးနေ့ဖြစ်သည့် ဧပြီ ၁၄ ရက်တွင် နရာသီဝပ်၊ ပတ္တနီနှင့် ယာလာပြည်နယ်တို့ရှိ နေရာခြောက်ခု၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အချိန်မီ ကိုင်တွယ်ဖြေရှင်းခြင်းမရှိလျှင် အဆိုပါတိုက်ခိုက်မှုများသည် ပဋိပက္ခမြင့်တက်လာသည့် နောက်ဆုံးသတိပေး တပ်လှန့်မှုပင်ဖြစ်သည်။ ၎င်းတိုက်ခိုက်မှုများတွင် လူအသေအပျောက်မရှိသော်လည်း ထိုင်းအစိုးရနှင့် သောင်းကျန်းသူများကြား ရာမန်ဒန်ဥပုသ်ကာလတွင် အပစ်အခတ်ရပ်စဲထားမှု သဘောတူညီချက်ကို ပျက်ပြယ်စေခဲ့သည်။

မေ ၁၄ ရက်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ် အကြမ်းဖက်သောင်းကျန်းသူနှင့်ခွဲထွက်မှု၊ တရားဥပဒေစိုးမိုးရေးအတွက် စိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ၎င်းကိစ္စရပ်များသည် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်သူများအတွက် များစွာအရေးပါလျက်ရှိသည်။ ၂၀၀၄ ခုနှစ်ကတည်းက ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ရာ လူဦးရေ ၇၀၀၀ ကျော်သေဆုံးခဲ့ပြီး လူဦးရေ ၁၃၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ခွဲထွက်သောင်းကျန်းသူများဖြစ်ပွားရသည့် အကြောင်းတရားများသည် ၁၇၈၅ ခုနှစ်ကတည်းက စတင်ခဲ့သည်။ ထိုအချိန်က ပတ္တနီစော်ဘွားနိုင်ငံသည် ထိုင်းဘုရင့်နိုင်ငံ၏ တစ်စိတ်တစ်ဒေသ ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၀၉ ခုနှစ်တွင် ဗြိတိသျှ-ထိုင်း စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ထိုင်းနှင့်မလေးရှားကြားရှိ နယ်ခြားမျဉ်းများကို လက်ရှိအခြေအနေအတိုင်း ပိုင်းခြားသတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ သမိုင်းဝင်ပတ္တနီဒေသ ပေါ်ထွက်လာခဲ့သည်။ အဆိုပါပြည်နယ်သည် ထိုင်းနယ်မြေအစိတ်အပိုင်းအတွင်း၌ရှိပြီး လက်ရှိ ပတ္တနီ၊ နရာသီဝပ်၊ ယာလာပြည်နယ်နှင့် ဆောင်ခလာပြည်နယ်မှ ခရိုင်လေးခုတို့ ပါဝင်သည်။ မွတ်စလင်အများစုနေထိုင်လျက်ရှိသည့် အဆိုပါဒေသများသည် ၁၉၄၈ ခုနှစ်ကတည်းက ခွဲထွက်လှုပ်ရှားမှုများ ကိန်းအောင်းရာနေရာဖြစ်လာခဲ့သည်။ ထို့နောက် မလေးရှား-မွတ်စလင် သောင်းကျန်းသူအဖွဲ့အစည်းများပေါ်ထွက်လာပြီး ထိုင်းအစိုးရအဖွဲ့ထံမှ ခွဲထွက်ခွင့် တောင်းဆိုလာခဲ့သည်။ ထင်ရှားသော ခွဲထွက်ခွင့်လှုပ်ရှားမှုအဖွဲ့များတွင် (Barisan Revolusi Nasional -BRN) ၊ (Runda Kumpulan Kecil-RKK) ၊ (Pattani Islamic Mujahideen Movement -GMIP)၊ (Islamic Liberation Front of Patani-BIPP) နှင့် (Patani United Liberation Organization- PULO) တို့ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဗုဒ္ဓဘာသာအများစုနေထိုင်လျက်ရှိသောကြောင့် မလေးရှား-မွတ်စလင်တို့က ထိုင်းအစိုးရနှင့်လူမှုအဖွဲ့အစည်းသည် အမျိုးသားရေးဝါဒသွတ်သွင်းပြီး ၎င်းတို့၏ယဉ်ကျေးမှုနှင့်ဘာသာရေးအမှတ်သင်္ကေတများကို ပျောက်ကွယ်အောင်ကြိုးပမ်းလျက်ရှိကြောင်း စောဒကတက်လျက်ရှိသည်။ မလေးရှားနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ အခြားသောနိုင်ငံများထက် ထိုင်းနိုင်ငံတွင် မွတ်စလင်လူနည်းစုများအပေါ် ပိုမိုခွဲခြား ဆက်ဆံလျက်ရှိကြောင်း စောဒကတက်လျက်ရှိသည်။ ထိုင်းနိုင်ငံတောင်ပိုင်းသည် ထိုင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဒေသအဖြစ် ဆက်လက်တည်ရှိနေကြောင်း မွတ်စလင်များက ရှုမြင်ခံစားလျက်ရှိသည်။

နိုင်ငံရေးခေါင်းဆောင်များနှင့် ပါဝင်ဆွေးနွေးသူများက အဆိုပါကိစ္စကို မကြာခဏပြောင်းဆိုလျက်ရှိပြီး ၎င်းပြဿနာသည် လူမျိုးရေးဆိုင်ရာ မတူကွဲပြားမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ မလေးရှား- မွတ်စလင်အများစုများ၊ ထိုင်းဗုဒ္ဓဘာသာဝင်များနှင့် အခြားသော ထိုင်းလူမှုအဖွဲ့အစည်းများသည် လူမှုအဖွဲ့အစည်းနှင့် အသိုက်အဝန်းများကြား မတူကွဲပြားမှုများကြောင့် လူမှုရေးအရ ချိတ်ဆက်ဆောင်ရွက်မှုနည်းပါးလျက်ရှိသည်။ မလေး-မွတ်စလင်များအနေဖြင့် ထိုင်းနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတွင် အံဝင်ခွင်ကျဖြစ်ရန်သည် စိန်ခေါ်မှု ဖြစ်လျက်ရှိပြီး အစွလာမ်များ၏ယုံကြည်မှုနှင့် အလေ့အထများသည် ထိုင်းနိုင်ငံ၏အမျိုးသားရေး၊ ဘာသာရေးအပြင် ဘုရင်စနစ်တို့နှင့် မတူကွဲပြားလျက်ရှိသည်။ ထိုင်းအာဏာပိုင်များအတွက်မူ မွတ်စလင်-မလေးအသိုက်အဝန်းသည် တရားဥပဒေစိုးမိုးမှုအတွက် ထိလွယ်ရှလွယ်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ပဋိပက္ခ ပိုမိုဆိုးရွားလာစေပြီး အဆိုပါဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေလျက်ရှိကြောင်း ရှုမြင်ထားရှိသည်။

လွန်ခဲ့သောနှစ်အတွင်း ထိုင်းနိုင်ငံတောင်ပိုင်းတွင် သွေးထွက်သံယိုဖြစ်ပွားမှု မြင့်တက်လာခြင်းသည် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေး၊ အစိုးရ၏ရလဒ်မရှိသောကြိုးပမ်းမှုများအပေါ် သူပုန်များက သည်းခံနိုင်စွမ်းမရှိကြောင်းကို ပြသလျက်ရှိသည်။ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ပြီးနောက် ထိုင်းအစိုးရနှင့် အကြီးမားဆုံးသောင်းကျန်းသူအဖွဲ့အစည်းဖြစ်သည့် BRN တို့ကြား ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ နှစ်နှစ်ခန့် ရပ်ဆိုင်းထားရပြီး ၂၀၂၂ ခုနှစ်အစောပိုင်းရောက်ရှိမှသာ ပြန်လည်စတင်နိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ဆယ်စုနှစ်များစွာကြာ ပြုလုပ်နေသောဆွေးနွေးမှုများသည် အောင်မြင်မှုထူးထူးခြားခြားတော့ မရရှိသေးပေ။

ထိုင်းနိုင်ငံ၏ ယင်လပ်ရှင်နာဝပ်ထရာအစိုးရသည် ထိုင်းနိုင်ငံတောင်ပိုင်း ပဋိပက္ခနှင့်စပ်လျဉ်း၍ ခေတ်စပ်ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဧပြီလတွင် မလေးရှားနိုင်ငံက ကမကထပြုသော ဆွေးနွေးပွဲကို လက်ခံအတည်ပြုခဲ့သည်။ ထိုအချိန်မှစ၍ မလေးရှားအစိုးရရှေ့မှောက်တွင် BRN နှင့် ထိုင်းအစိုးရကိုယ်စားလှယ်များကြား ဆွေးနွေးပွဲများ စတင်ခဲ့သည်။

BRN သည် အကြီးမားဆုံး လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အပြင် ထိုင်းတောင်ပိုင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကိုယ်စားပြုလျက်ရှိသည်။ ၎င်းအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်ကတည်းက ထိုင်းဘက်မှငြိမ်းချမ်းရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဝမ်လော့ရပ်ဆန်နော့နှင့် တွေ့ဆုံဆွေးနွေးမှု ငါးကြိမ်ထိပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် လက်ရှိအချိန်ထိ အပစ်အခတ်ရပ်စဲမှုအဆင့်မှသည် မလေးနွယ်ဖွားတို့၏ မကျေနပ်ချက်များကို ဖြေရှင်းနိုင်စွမ်း မရှိသေးပေ။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာသော်လည်း အငြင်းပွားမှုများဖြေရှင်းရေးအတွက် မျှော်လင့်ချက်များမှာ မှေးမှိန်နေဆဲပင်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ခေါင်းဆောင်သည် အဘီဒင်ဦးဆောင်သော ကနဦးဆွေးနွေးပွဲများကို သဘောတူလက်ခံခဲ့ပြီး အခြားသော မလေး-မွတ်စလင်သူပုန်များအနေဖြင့်လည်း ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်လာဖွယ်ရာ ရှိနေသည်။ ထိုသို့ ပါဝင်လာမည်ဆိုလျှင် ၂၀၁၈ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် BRN အပြင် အခြားသောအဖွဲ့အစည်းများ ပထမဆုံးအကြိမ်ပါဝင်လာခြင်းဖြစ်ပေသည်။

တိုင်းပြည်အတွင်း၌ မေ ၁၄ ရွေးကောက်ပွဲနီးကပ်လာချိန်တွင် စစ်ဘက်နှင့်ဘုရင်စနစ်ဆန့်ကျင်သော လူအုပ်စုကြီးများသည် အစိုးရကို ပိုမိုခေါင်းခဲလာစေခဲ့သည်။ အစိုးရဖွဲ့စည်းရန်စီစဉ်ထားပြီး စစ်ဘက်နှင့် ပရာယုဒ်လက်အောက်တွင် စစ်ဘက်ကကျောထောက်နောက်ခံပေးထားသည့် အုပ်ချုပ်မှုစနစ် အဆုံးသတ်သွားမည့် Move Forward ပါတီသည် အဆိုပါရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်းကိစ္စသည် ရွေးကောက်ပွဲလှုပ်ရှားမှုတွင် မှေးမှိန်နေသောကြောင့် စစ်အစိုးရဆန့်ကျင်သည့် အုပ်စုများက ထောက်ခံထားသော အတိုက်အခံပါတီများသည် ငြိမ်းချမ်းရေးဆွေးနွေးသည့်လုပ်ငန်းစဉ်များတွင် စစ်ဘက်က ထိန်းချုပ်ထားသည့်တိုင်အောင် ခွဲထွက်ပဋိပက္ခကို ပိုမိုလွတ်လပ်စွာချဉ်းကပ်သွားဖွယ်ရာရှိပြီး BRN ၏ နိုင်ငံရေးဆိုင်ရာ တောင်းဆိုချက်များကိုလည်း ဆွေးနွေးဖြေရှင်းပေးသွားရန် ပိုမိုဆန္ဒရှိနေသည်။

လာမည့် ရက်သတ္တပတ်များအတွင်း ထိုင်းနိုင်ငံရွေးကောက်ပွဲလုပ်ငန်းစဉ်များအပြီးသတ်တော့မည်ဖြစ်သောကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကာလရှည်ကြာဖြစ်ပွားနေသော ဆူပူမှုသည် ပိုမိုမြင့်တက်လာဖွယ်ရာရှိနေသည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အဖြေရှာဖွေရန်သည် ထိုင်းအစိုးရအနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွာလာလမ်ပူမြို့၌ ဗိုလ်ချုပ်ကြီး ဝမ်လော့ရပ်ဆန်နော့နှင့် BRN ကိုယ်စားလှယ် ဥတက်ဇ်အနက်အဗ္ဗဒူလာမင်တို့ကြား

❖ ပြီးခဲ့သောတစ်လခန့်က ရာမာဒန်ဥပုသ်နေ့နောက်ဆုံးနေ့ဖြစ်သည့် ဧပြီ ၁၄ ရက်တွင် နရာသီဝပ်၊ ပတ္တနီနှင့် ယာလာပြည်နယ်တို့ရှိ နေရာခြောက်ခု၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အချိန်မီကိုင်တွယ်ဖြေရှင်းခြင်းမရှိလျှင် အဆိုပါတိုက်ခိုက်မှုများသည် ပဋိပက္ခမြင့်တက်လာသည့် နောက်ဆုံးသတိပေးတပ်လှန့်မှုပင်ဖြစ်သည်။ ၎င်းတိုက်ခိုက်မှုများတွင်လူအသေအပျောက်မရှိသော်လည်း ထိုင်းအစိုးရနှင့်သောင်းကျန်းသူများကြား ရာမန်ဒန်ဥပုသ်ကာလတွင် အပစ်အခတ်ရပ်စဲထားမှု သဘောတူညီချက်ကို ပျက်ပြယ်စေခဲ့သည်။ ❖

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်၏အစိုးရအဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဇာကစ်လီဇာအီနယ်အဘီဒင်ကို ထိုင်းအစိုးရနှင့် BRN ကြားဆွေးနွေးပွဲများတွင် ညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီ ၉ ရက်တွင် အန်ဝါ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ထိုင်းနိုင်ငံတောင်ပိုင်း သောင်းကျန်းသူနှင့်ခွဲထွက်ရေးဝါဒသည် ဆွေးနွေးမှုများ၏ အဓိက ခေါင်းစဉ်ဖြစ်ခဲ့သည်။ ငြိမ်းချမ်းမှုထိန်းသိမ်းခြင်းကို အဓိကထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံအနေဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း အန်ဝါက ပြောကြားသွားခဲ့သည်။

BRN နှင့် ထိုင်းအစိုးရကြား နောက်ဆုံးတွေ့ဆုံဆွေးနွေးမှုများကို ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်ထိ ကွာလာလမ်ပူ၌ ပြုလုပ်ခဲ့သည်။ BRN လက်မှတ်ရေးထိုးခဲ့သည့် ပြီးပြည့်စုံသောငြိမ်းချမ်းရေးစီမံကိန်း အပြီးသတ်ရေးဆွဲရေးအတွက် ၎င်း၏ခိုင်မာသောဆုံးဖြတ်ချက်ကိုပြသသွားရန် လိုအပ်ပေသည်။ ထို့ပြင်သောင်းကျန်းသူအုပ်စုများ၊ အထူးသဖြင့် BRN အနေဖြင့်လည်း ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်း ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေး လက်တွေ့ကျသော ဆွေးနွေးမှုများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **What's Behind the Growing Number of Attacks in Southern Thailand? by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အီရန်နိုင်ငံက အစ္စရေးထိရောက်ရှိနိုင်မည့် Ballistic Missile ပဲ့ထိန်းဒုံးကျည်သစ်တစ်စင်း စမ်းသပ်ပစ်လွှတ်



အီရန်စစ်ဘက်သည် မိုင်ပေါင်း ၁၂၀၀ ကျော် ပျံသန်းနိုင်သော Ballistic Missile ပဲ့ထိန်းဒုံးကျည်သစ် တစ်စင်းကို စမ်းသပ် ပစ်လွှတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် မီဒီယာက မေ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

Kheibar ဟုအမည်ပေးထားသည့် Khorramshahr ပဲ့ထိန်းဒုံးကျည်၏ နောက်ဆုံးဗားရှင်းသည် ထိပ်ဖူးများစွာကို သယ်ဆောင်နိုင်စွမ်းရှိပြီး အစ္စရေးနိုင်ငံထိ ရောက်ရှိ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုမတိုင်မီ အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးကအဆိုပါ ဒုံးလက်နက်ကို ရုပ်မြင်သံကြားမှတိုက်ရိုက် ထုတ်လွှင့်ပြသခဲ့သည်။

၄၃ ပေရှည်လျားသည့် အဆိုပါဒုံးကျည်သည် ၁၂ မိနစ်အတွင်း ပစ်လွှတ်ရန် အဆင်သင့်ဖြစ်နိုင်ပြီး လေထုအမြင်ဘက်ရှိ ၎င်း၏ ပျံသန်းရာလမ်းကြောင်းကို ချိန်ညှိလုပ်ဆောင်နိုင်သည်ဟု အီရန် နိုင်ငံတကာ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဒုံးကျည်လက်နက်၏ Kheibar အမည်သည် အစ္စလာမ်ဘာသာ၏ အစောပိုင်းကာလများတွင် မွတ်ဆလင်စစ်သည်များသိမ်းပိုက်ထားသော ဂျူးရဲတိုက်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု အီရန်နိုင်ငံ အစိုးရပိုင် IRNA သတင်းဌာနက ဖော်ပြခဲ့သည်။

"အီရန်ရဲ့ရန်သူတွေကို ကျွန်တော်တို့ရဲ့သတင်းစကားက အီရန်နိုင်ငံရဲ့အောင်မြင်မှုတွေကို ခုခံကာကွယ်ဖို့ပါပဲ။ ကျွန်တော်တို့မိတ်ဆွေတွေဆီ သတင်းစကားကတော့ ဒေသတွင်းတည်ငြိမ်ရေးကိုအထောက်အကူပြုချင်ပါတယ်"ဟု အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mohammadreza Ashtiani က ရုပ်မြင်သံကြားၖ တိုက်ရိုက်ထုတ်လွှင့်စဉ်တွင် ပြောကြားခဲ့သည်။

ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် အီရန်နျူကလီးယားအစီအစဉ်နှင့်ဆက်နွယ်သည့် အနုတ်လက္ခဏာဆောင်သော တိုးတက်ဖွံ့ဖြိုးမှုများဖြစ်ကြောင်း အစ္စရေးနိုင်ငံ စစ်ဘက်စစ်ဦးစီးချုပ်က သတိပေးခဲ့ပြီး နှစ်ရက်အကြာတွင် ယခုကဲ့သို့စမ်းသပ်ပစ်လွှတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

"အီရန်ဟာ အရင်ကထက် ယူရေနီယံသန့်စင်ရေးမှာ တိုးတက်မှုတွေ ပိုလုပ်လာနိုင်ခဲ့ပါတယ်။ နျူကလီးယားနဲ့ပတ်သက်ပြီး စွမ်းဆောင်နိုင်မှုလမ်းကြောင်းရဲ့ တခြားရှုထောင့်တွေဘက်ကလဲ အနီးကပ်စောင့်ကြည့်စစ်ဆေးနေပါတယ်"ဟု အစ္စရေး တက္ကသိုလ်တစ်ခုတွင် မိန့်ခွန်းပြောကြားစဉ် ဒုတိယဗိုလ်ချုပ်ကြီး Herzi Halevi က ပြောကြားခဲ့သည်။

"အသေးစိတ် လေ့လာစရာမလိုဘဲနဲ့ တုံ့ပြန်လုပ်ဆောင်ရမဲ့ အပျက်သဘောဆောင်တဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေ အထင်အရှားရှိနေပါတယ်။ ကျွန်တော်တို့မှာ စွမ်းရည်တွေရှိသလို တခြားသူတွေမှာ အစွမ်းအစတွေရှိပါတယ်။ ကျွန်တော်တို့မှာ အီရန်ကို တိုက်ခိုက်နိုင်တဲ့စွမ်းရည် ရှိပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အီရန်က ကြိုးစားတည်ဆောက်နေတာတွေကို လျစ်လျူမရှုပါဘူး။ ပြီးတော့ ကျွန်တော်တို့လျှောက်နေတဲ့လမ်းကြောင်းကိုလဲ အီရန်ဘက်က လျစ်လျူရှုဖို့ခက်ပါတယ်"ဟု Herzi Halevi က ဆက်လက်ပြောကြားခဲ့သည်။

**Iran test fires new ballistic missile capable of reaching Israel ကိုဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းငြိမ်းချမ်းရေးသဘောတူညီချက်အတွက် အခြေအနေများကို ရုရှားက အကြမ်းဖျင်းပြောကြား

ယူကရိန်းငြိမ်းချမ်းရေးသဘောတူညီချက်အတွက် ယူကရိန်းသည် ကြားနေနိုင်ငံ ရပ်တည်ချက်အနေအထားတွင် ပြန်လည်ကတိကဝတ်ပြုခြင်း၊ နယ်မြေသစ်အဖြစ်မှန်များကို အသိအမှတ်ပြုလက်သင့်ခံခြင်းနှင့် ရုရှားဘာသာစကားကို နိုင်ငံပိုင် ဘာသာစကားအဖြစ် ကြေညာခြင်းစသောအခြေအနေများ လိုက်ပါလုပ်ဆောင်မည်ဆိုပါက ပြေလည်သွားနိုင်ကြောင်း ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mikhail Galuzinက မေ ၂၇ ရက်က ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် အကြမ်းဖျင်းပြောကြားခဲ့ကြောင်း သိရသည်။

TASS သတင်းဌာနနှင့်အင်တာဗျူးတွင် သံတမန်က ရုရှားအနေဖြင့် ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များ ရန်လိုမှုများရပ်တန့်ပြီး အနောက်နိုင်ငံများမှလက်နက်များတင်ပို့ရောင်းချမှုရပ်တန့်မှသာ ငြိမ်းချမ်းရေးအတွက် ပြေလည်မှုရနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

တာရှည်ခံသည့် ငြိမ်းချမ်းရေးရရှိရန် ယူကရိန်းနိုင်ငံသည် ဘက်မလိုက်သော ကြားနေနိုင်ငံ ရပ်တည်ချက်အနေအထားသို့ပြန်သွားရမည်။ NATOနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့နှင့် ပူးပေါင်းရန် ငြင်းဆန်ရမည်ဟုလည်း Galuzin က အလေးပေးပြောကြားခဲ့ပြီး ဒေသနေပြည်သူများ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆန္ဒခံယူပွဲများပြုလုပ်ကာ ပေါ်ပေါက်လာသော နယ်မြေသစ်များကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံ ထိပ်တန်းသံတမန်က ပြီးခဲ့သည့် ဆောင်းဦးရာသီတွင် လူထုဆန္ဒခံယူပွဲၖ ရုရှားနှင့်ပူးပေါင်းရန် တစ်ခဲနက်မဲပေးခဲ့ကြသည့် ယူကရိန်းပိုင် ဒေသဟောင်းလေးခုနှင့်ကရိုင်းမီးယားကိုရည်ညွှန်းပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။

ငြိမ်းချမ်းရေးအခြေခံမှုအတွက် နောက်ထပ်အရေးကြီးသောအချက်မှာ နိုင်ငံ၏ ရုရှားစကားပြောသူဦးရေနှင့်အခြားလူနည်းစုများ၏ အခွင့်အရေးများကို လေးစားရန် ယူကရိန်း၏ ကတိကဝတ်ရရှိသွားနိုင်ရန်ဖြစ်သည်ဟု Galuzin က မှတ်ချက်ပြုခဲ့သည်။

မေ ၂၇ ရက်တွင် ယူကရိန်းသမ္မတဇီလန်စကီး၏လက်ထောက် Mikhail Podoliak သည် ရုရှား၏ငြိမ်းချမ်းရေးအတွက် အခြေအနေများကိုပယ်ချခဲ့ပြီး ယူကရိန်း၏ကိုယ်ပိုင်တောင်းဆိုချက်စာရင်းကို ထုတ်ပြန်ခဲ့သည်။



အဆိုပါထုတ်ပြန်ချက်တွင် ရုရှားတပ်ဖွဲ့ဝင်များအားလုံးကို ယူကရိန်းပိုင်နက်နယ်မြေအဖြစ် သတ်မှတ်တောင်းဆိုထားသော နယ်မြေများမှ ဆုတ်ခွာသွားရေးပိုင်ဆိုင်ကြောင်း တောင်းဆိုမှုများ၊ စစ်ရာဇဝတ်သားများလွှဲပြောင်းရေး၊ ရုရှားပိုင်နက်အတွင်း ကြားခံဇုန်ဖန်တီးခြင်းအပါအဝင် ယူကရိန်းကိုထောက်ခံသည့် ပြည်ပနိုင်ငံများတွင် သိမ်းဆည်းထားသည့် ရုရှားတို့၏ ပိုင်ဆိုင်မှုများကို ဆန္ဒအလျောက်စွန့်လွှတ်ခြင်းတို့ ပါဝင်သည်။

ရုရှားကယူကရိန်း ပဋိပက္ခ ဆက်လက်ကြာမြင့်မည်ကို မလိုလားသော်လည်း ငြိမ်းချမ်းရေးအတွက် ကမ်းမမြင်လမ်းမမြင်ဖြစ်နေသေးကြောင်း ကရင်မလင်နန်းတော်သတင်းပြန်ကြားရေးအတွင်းဝန် Dmitry Peskov က ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားခဲ့ပြီး ယူကရိန်းအနေဖြင့် လက်ရှိ ရုရှားခေါင်းဆောင်များနှင့်ဆွေးနွေးမှုများကို တားမြစ်ထားကြောင်း ထောက်ပြပြောဆိုခဲ့သည်။

**Russia outlines conditions for Ukraine peace deal ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂရိနိုင်ငံတွင် SARISA ဒရုန်းမှ ပထမဆုံးလေဆာလမ်းညွှန်ဒုံးကျည်များ တပ်ဆင်ပစ်လွှတ်ခဲ့



ဂရိနိုင်ငံသည် Thales ကုမ္ပဏီ၏ ၇၀ မီလီမီတာ FZ275 LGRs ပထမဆုံး လေဆာလမ်းညွှန်ဒုံးကျည်များကို ဂရိနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တိုက်ရိုက်ပစ်ခတ်မှု သရုပ်ပြပွဲအတွင်း အကြီးစား SARISA Multirotor ဒရုန်းတစ်စင်းတွင် တပ်ဆင်ပစ်လွှတ်ခဲ့ကြောင်း မေ ၂၆ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစမ်းသပ်မှုသည် SAS နည်းပညာ၏ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှင့် လက်နက်များ၏ပထမဆုံးပေါင်းစပ်မှုဖြစ်ပြီး အနီးကပ်လေကြောင်းထောက်ပံ့ရေး မစ်ရှင်များအတွက် စနစ်များ၏စစ်ရေးစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ခဲ့ခြင်းလည်းဖြစ်သည်။

SARISA သည် တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကဲ့သို့ ကြားဖြတ်စစ်ဆင်ရေးများကို လုပ်ဆောင်နိုင်ပြီး ဒုံးကျည်၏ လမ်းညွှန်ချက်နှင့် လမ်းညွှန်မှုမဲ့ စွမ်းရည်များကို အသုံးချဖော်ထုတ်ကာ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ဤချဉ်းကပ်မှုနည်းလမ်းသည် ဒရုန်းအသုံးပြုသူများကို လေယာဉ်အသုံးပြုမှုအတွက် ကုန်ကျစရိတ်များကို လျှော့ချနိုင်စေပြီး လေ့ကျင့်ရေးနှင့်တိုက်ခိုက်ရေးမစ်ရှင်များတွင် အန္တရာယ်အနည်းဆုံးဖြစ်စေနိုင်သည်။ ထို့ပြင် အားသာချက်တစ်ရပ်သည် ခြေလျင်တပ်ဖွဲ့ဝင်များအတွက် ထိရောက်ပြီး လိုက်လျောညီထွေရှိစွာ သယ်ယူရလွယ်ကူသော လက်နက်အမျိုးအစားလည်းဖြစ်သည်။

FZ275 LGR လေဆာပဲ့ထိန်းဒုံးကျည်နှင့်ပေါင်းစပ်ထားသည့်အတွက် မြေပြင်တပ်ဖွဲ့များသည် အပေါ့စားသံချပ်ကာယာဉ်များ၊ ရေဒါစခန်းများ၊ မြေပြင်အခြေစိုက် စခန်းရှိလေယာဉ်များ၊ အဆောက်အအုံများ စသည်တို့ကို ဒုံးကျည်၏ ထိရောက်အကွာအဝေး ၇ ကီလိုမီတာကျော်တွင် ဒရုန်း၏အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှု ထပ်ပေါင်းထည့်မည်ဆိုပါက တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း Thales ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**SARISA Drone Fires First Laser-Guided Rockets in Greece ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets senior officer instructors and trainees from Command and General Staff College in Kalaw



Senior General Min Aung Hlaing meets senior officer instructors and trainees from Command and General Staff College.

**Nay Pyi Taw May 30**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with senior officer instructors and trainees from Command and General Staff College in Kalaw this morning.

Also present at the meeting were Chief of the General Staff (Army, Navy and Air) General Maung Maung Aye, senior officers from the Office of the Commander-in-Chief, the Eastern Command commander, and the college commandant.

**Make constant efforts to realize individuals' aims and objectives**

Giving a speech, the Senior General said Command and General Staff College produces physically and mentally capable senior officers. So, the senior officer trainees need to work hard during the course from beginning to end. Every human being has had their aims and wishes since childhood. In this regard, all individuals must make constant efforts to achieve their aims and wishes. Only then will they be able to achieve success and build their own lives.



Senior General Min Aung Hlaing has lunch together with senior officer trainees.

**Try to become role models when it comes to duties and assignments**

All the senior officer trainees are able leaders of their respective military units and battalions carrying out tremendous duties. In doing their jobs, they need to do so with the least mistakes. Systematic management of a battalion will generate invaluable experiences in the management field, and they can be used in other fields as well. Upon completion of the course, they will have to lead their battalions in a more successful way by applying experiences gained from serving as a battalion commander and the lectures taught from the training course. They need to study the course subjects correctly from beginning to end. Regarding duty assumptions and hard work, they need to try themselves to become role models.

**Working with consideration and attention will achieve success**

They need to train their subordinate officers and soldiers to be in good discipline, while they also need to work with consideration so they can be good discipline. Consideration and attention will achieve success in doing their jobs.

Military skills and battle rules should be systematically learned during the course and must be employed in the practical field. Acute powers of observation will generate good ideas and innovations, thereby contributing to one's own life. So, constant learning is necessary throughout their lives, said the Senior General.

Then, the Senior General and party cordially greeted the senior officer instructors and trainees.

Afterwards, the Senior General and party went to the local battalions in Kalaw Station and inspected sales of foodstuffs and consumer goods at cheap prices at the shop of the station. He then inspected dredging of Nat Yegan Lake in the local battalion, stressed the need for repair and maintenance work before monsoon and left necessary instructions.

Later, the Senior General and party had lunch together with the senior officer instructors and trainees.



Senior General Min Aung Hlaing inspects Natyegan Lake in the local battalion.

# Use favourable conditions effectively for regional development


Senior General Min Aung Hlaing meets MSME entrepreneurs in Pindaya.

**Nay Pyi Taw May 30**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied his entourage, met MSME entrepreneurs from Danu Self-Administered Zone in Pindaya this afternoon and discussed regional and economic development.

On arrival in Pindaya, the Senior General and party were warmly welcomed by Chair of the Zone Leading Body U Arka Lin and members and local national races to the accompaniment of traditional drums.

**Individual reports on MSME functions and requirements**

The leading body chair and the Shan State chief minister reported on points of the zone, farming activities, agro-products export, courses that support MSMEs, provision of financial assistance from national economic development funds for farming industry, potato cold-storage erection project, farming in the zone, domestic sales and export of MSME products, mineral smelting, technical courses production businesses, loans disburse for Shan State MSMEs from national economic development funds, building of production roads in the zone, solar-power for river water pumping works, water supply, and future programs for MSME development.

Chair of ShweTetlan potato group U TheinZaw, Executive member of Cherry Taungdan tea cooperative society U Ba Si, Manager of Ywangan Township Cooperative Syndicate U Aung-Kyin, U Win Myint Lay of Ywangan Township fruit juice enterprise, local elders and other participants discussed availability of quality seeds for increasing potato per acre yield, the requirement of a cold storage for potato seeds, technological, mechanical and financial aid for producing and distributing high quality tea leaf the main product of Pindaya Township, assistance for increasing coffee sown acreage and extending coffee market in Pindaya which is producing quality coffee beans,construction of detour near Pindaya to further facilitate transport, assistance for supplying drinking water in Pindaya and Ywangan townships where the number of natural springs is decreasing and population in increasing, collective conservation of Boktalok Lake, the pride of Pindaya, and requirements for regional development. The Senior General asked for more information and looked into the requirement.

**Sector-wise clarification of union ministers**

In response, the union ministers explained support provided to MSMEs for national economic growth, loans from national economic development funds, availability of development loans and economic loans through normal procedures, correct use of loans and repayment of loans within the prescribed period, provision of machines and financial capital to cooperative societies set up for local economic and socioeconomic development, the benefits of registering their MSMEs in accord with the rules, arrangements to display local products – coffee and tea – at external expos to extend foreign markets and other issues.The chief minister assured swiftest means to contact relevant ministries in looking into the requirements presented by businesspersons and local elders of the zone.


Senior General Min Aung Hlaing views a local MSME product.

**Effective use of the zone's favourabe conditions for regional development**

As regards regional and economic development, the Senior General said the zone has a lot of economic potentials. The zone grows seasonal and perennial crops. "Weather depends on trees". Natural resources ensure positive weather and positive weather ensures enough water supplies for agriculture. Forests must be collectively protected and conserved. Forest depletion can be followed by dryer weather and loss of water resources. Hence, officials and local should collectively conserve forests. Rays of sun must be effectively used to generate solar power. Pindaya has food self-sufficiency, but has not hit the target yet. Hence quality strains must be used.

As local food sufficiency does not need to purchase foodstuffs outside, it will contribute to betterment of monetary circulation. Hence, it is necessary to boost per-acre yield rather than extending the sown acreage. Likewise, if they strive for meeting the target production of other crops, they will have increased incomes as well as development of economy whereas local people will have improvement of socioeconomic life. As such, local farmers have to efficiently utilize sound foundations they possess to emphasize regional development.


Senior General Min Aung Hlaing cordially greets MSME entrepreneurs.

**Encouragement for manufacturing industries based on agricultural and livestock products**

The Senior General stressed the need to systematically operate pedigree animal species to increase production rate. If Pindaya region successfully manage breeding of chicken, pig, cow and other animals, it will be a region which can produce meat for the country. They can operate dairy cow farming tasks and produce milk and dairy products. As the region possesses agricultural produce which can be used in production of feedstuffs, it will contribute much to livestock sector.


The government encourages agriculture and livestock products in operating MSME industries aimed at ensuring supply of raw materials which are sure to be used in manufacturing. It is necessary to sufficiently supply water and fertilizers in agriculture sector. If local people correctly use inputs for nutritious measures of agriculture and livestock farms, production rate will boost.


**Recruitment of educated human resources in the region**

The Senior General called for avoiding too much ration of pesticides in growing vegetables not to cause danger. Use of water must be efficiently in agricultural farms. If locals efficiently use agricultural techniques, land preparations and water utilization in agriculture sector in Pindaya region, they can manufacture agricultural produce rather than now. To do so, the region needs a larger number of agriculturists.

The Senior General underscored that it is necessary to recruit educated persons in the region for development of human resources in the agriculture and livestock farms. Some weakness is seen in Pindaya region related to learning school education. The local people need to pass middle school education in minimum to attend the technical, *See Page 14*

# Delegation led by Deputy Chairman of State Duma Federal Assembly of Russian Federation pays courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing


Senior General Min Aung Hlaing receives H.E. Mr. Sholban Kara-Ool.


Senior General Min Aung Hlaing accepts gift from H.E. Mr. Sholban Kara-Ool.


Senior General Min Aung Hlaing presents gift to H.E. Mr. Sholban Kara-Ool.

**Nay Pyi Taw May 30**

A delegation led by H.E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma, Federal Assembly of the Russian Federation, paid a courtesy call on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of Panglong Yeiktha in Taunggyi this evening.

During the call, they frankly discussed the potential for promotion of existing friendship on the occasion of the 75th anniversary of the establishment of Myanmar-Russia diplomatic relations, possibilities for enhanced cooperation for mutual benefits between the two countries in various sectors, cooperation for development of transportation and electricity generation sectors of Myanmar, sending scholarship students from Myanmar to the Russian Federation for human resources development including science and technology, assistance of the Russian Federation for areas hit by very severe cyclonic storm Mocha, efforts to promote tourism between Myanmar and Russia in order to increase people-to-people engagements, increased cooperation between Myanmar and Russia in multiple sectors, the meeting between the Union Election Commission of Myanmar and the delegation and assistance for holding free and fair elections to be offered by the Russian Federation during the election period.

Also present at the call together with the Senior General were Deputy Prime Minister Union Minister for Planning and Finance U Win Shein, Chief of General Staff (Army, Navy, Air) General Maung Maung Aye and officials while the deputy chairman was accompanied by Ambassador of the Russian Federation to Myanmar H.E. Mr Nilolay LISTOPADOV and officials of the State Duma.

After the discussions, the Senior General and the deputy chairman exchanged gifts and posed for documentary photographs. 100

---

*From Page 13*

agriculture and livestock breeding high schools. Only when they have school education, will they have techniques. If so, they will be skillful. Hence, all people need to encourage the education sector for increasing educated persons in Pindaya region.

**Development of local tourism industry to reflect regional development**

Danu Self-Administered Zone is endowed with natural beauties attracting travellers and it possesses significant places with fine weather. Hence, it is necessary to strive for improvement of tourism industry with drawing attention of local and foreign travellers. If the region can improve quality of traditional foodstuffs and domestic products with attraction, these will contribute much to regional development and help increase number of travellers to the region. Likewise, local people and departmental personnel serving in the region are to cooperate with each other in beautifying the region. If main products of the region such as tea, coffee, soya bean and others can be produced deliciously with proper packaging system, these will attract travellers and help promote the sale of products. Primarily, local people have to work. If so, they will have the chance to enjoy fruits of their works. The government is serving the responsibilities without political trend but emphasizing the national cause. Although there may be different political attitudes, all need to serve the interests of the region by prioritizing the regional development. All of today's talks focused on interests of the local people residing in Danu Self-Administered Zone. The Senior General expressed his belief that the zone will have capability to successfully undertake the tasks. The Senior General urged all to strive for regional development and peace and stability of the region.

The Senior General cordially greeted MSME businesspersons who attended the meeting.

The Senior General interestingly viewed round the booths which showcase domestic products, foodstuffs, personal goods, industrial products, traditional handiworks, and clothes and asked about grasping the market shares of these products. Businesspersons from relevant businesses conducted the Senior General round the booths. 100

## Erratum

Please read "The country is now practicing market economic system" instead of "The country is now practicing multiparty democracy economic system" in line four, column four, two para of the news "Success of farming based ...." appeared on page 12 of the 30-5-2023 issued Yadanarbon Daily.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives delegation led by Deputy Chairman of State Duma of Federal Assembly of Russian Federation


Vice-Senior General Soe Win receives H.E. Mr. Sholban Kara-Ool.

**Nay Pyi Taw May 30**

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win received a delegation led by H.E. Mr. Sholban Kara-Ool, Deputy Chairman of State Duma, Federal Assembly of the Russian Federation, at the Office of Chairman of State Administration Council in Nay Pyi Taw this afternoon.

At the meeting, they cordially discussed matters on rehabilitation of the areas affected by Cyclone Mocha, bilateral cooperation in tourism and enhancement of tourism sector, regular flights between the two countries, state of boosting Myanmar's railway sector, matter to be able to generate small-scale nuclear power in Myanmar, energy sector, investment and technology sectors, development of human resources, and friendship and cooperation between the two countries, exchanged souvenirs and had a documentary photo taken.

Together with the Vice-Senior General at the meeting were Union Minister U Aung Thaw, deputy ministers U Aung Kyaw Tun , U Thant Zin and Dr Aung Zeya and officials and with the Deputy Chairman of State Duma, Ambassador of Russian Federation to Myanmar H.E. Mr. Nikolay LISTOPADOV and officials of State Duma. 100

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Acting Director-General of Military Intelligence, Joint Staff Department of the Central Military Commission, People's Republic of China

**Nay Pyi Taw May 30**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by Major General Yang Yang, Acting Director-General of Military Intelligence, Joint Staff Department of the Central Military Commission, People's Republic of China, at Bayintnaung Villa in Nay Pyi Taw this morning.

At the meeting, they cordially discussed friendship relations and cooperation between the armed forces of both nations and cooperation for stability, peace and development of border areas between the two countries, exchanged souvenirs and had a documentary photo taken.

Together with the Vice-Senor General at the meeting were Lt-Gen Ye Win Oo of the Office of Commander-in-Chief (Army) and senior military officers and with Major General Yang Yang, acting Director-General of acting director-general of military intelligence, Joint Staff Department of the Central Military Commission, People's Republic of China, Military Attaché of PRC to Myanmar Senior Colonel Wang Wei and officials. 100


Vice-Senior General Soe Win receives Major General Yang Yang.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

**မိမိတို့တစ်ဦးချင်းစီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုရှိရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုသင်တန်းအစကာလမှ သင်တန်းပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူသားတိုင်းသည် ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များ ကိုယ်စီရှိကြပြီး မိမိတို့၏မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ်ကြိုးစား အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရည်မှန်းချက်များရှိမှသာလျှင် ကြိုးစားအားထုတ်မှုများလည်း ရှိလာမည်ဖြစ်ပြီး အောင်မြင်မှုများရရှိစေရေး မိမိကိုယ်ကိုမိမိ တည်ဆောက်လာနိုင်မည်ဖြစ်ကြောင်း။

**တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်လာပါက မိမိကိုယ်ကိုမှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလို**

သင်တန်းသားအရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြပြီး ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ချိန်၌ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ ယခုသင်တန်းတက်ရောက်ချိန်တွင် သင်ကြားပေးသည့် သင်ခန်းစာများကို ချိန်ထိုးစဉ်းစားဆောင်ရွက်ပြီး သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **သင်တန်းစတင်သည်မှ ပြီးဆုံးသည့်အချိန်အထိ သင်ကြားပေးသည့် ဘာသာရပ်များကို မှန်မှန်ကန်ကန်ဖြင့် လေ့လာသင်ယူကြရန်လို**ကြောင်း၊ **တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့်ပတ်သက်၍ မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလို**ကြောင်း။

**မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်မှသာ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည်**

မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက် အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေးထိန်းသိမ်းရန်လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စည်းကမ်းစနစ်တကျရှိစေရေး အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့်ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

**သင်တန်းတက်ရောက်ချိန်ကာလအတွင်း တပ်မတော်နှင့်ပတ်သက်သည့် ပညာရပ်များ၊ စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျသင်ယူပြီး လက်တွေ့ပြန်လည်အသုံးချနိုင်ရေးဆောင်ရွက်ရန်လို**ကြောင်း၊ **လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သောလေ့လာမှုများဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်လို**ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့သွားရောက်၍ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကန်ပေါင်များ စနစ်တကျရှိစေရေး ပြန်လည်ပြုပြင်ရန်၊ မိုးမကျမီ သဲနုန်းတူးဖော်ခြင်းကို အပြီးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) နှင့်စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေး၊ မြန်မာ- ရုရှား နှစ်နိုင်ငံလေကြောင်းလိုင်းများ ပုံမှန် ပျံသန်းနိုင်ရေး၊ မြန်မာ့မီးရထားကဏ္ဍ မြှင့်တင်နိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံ အတွင်း အသေးစားချူကလီးယားလျှပ်စစ် ဓာတ်အားထုတ်လုပ်နိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် နည်းပညာကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ရုရှား ချစ်ကြည် ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင် ကျော်ထွန်း၊ ဦးသန့်စင်၊ ဒေါက်တာ အောင်ဇေယျနှင့်တာဝန်ရှိသူများ တက်ရောက် ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်ပဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် မေ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ပူးတွဲ စစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင် ရွက်သွားမည့်အခြေအနေများကို ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက် ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟို စစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တ စစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူး ချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ် စစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ အောင်မြင်စွာသွားရောက်ယှဉ်ပြိုင်နိုင်ရေး မသန်စွမ်းအားကစားနည်းများမှ မသန်စွမ်းအားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၂၀**

၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ အားကစားနည်း ၁၄ မျိုးအနက်မှပါဝင်သော ကစားနည်း ရှစ်မျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ မျက်မမြင် ဂိုးလ်ဘော၊ အလေးမ၊ စားပွဲတင်တင်းနစ်နှင့် မျက်မမြင် စစ်တုရင်ကစားနည်းတို့ကို ပါဝင် ယှဉ်ပြိုင်ကြမည့် ကစားနည်းအလိုက်မှ မသန်စွမ်းအားကစားသမားများကို မြန်မာ နိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြား ရာတွင် အားကစားနည်းအလိုက်မှ မသန်စွမ်း အားကစားသမားများကို ကျန်းမာရေး ဂရုစိုက်ရန်နှင့် ပါဝင်ယှဉ်ပြိုင်သွားမည့်အခြေ အနေများ၊ ကစားသမားများ၏လေ့ကျင့်ထား သည့် ကောင်းမွန်သော လက်ရှိသတ်မှတ် စံချိန်များကိုထိန်းသိမ်းကာ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်သွားစေလိုကြောင်း၊ နိုင်ငံတော် အကြီးအကဲကလည်း အားကစားကို အထူး အားပေး ချီးမြှောက်နေသည့်အတွက် ကြောင့် ကစားသမားများအနေဖြင့် မိမိ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်အောင် အစွမ်းကုန် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်စေ လိုကြောင်း ပြောကြား၍ အားကစားသမား တစ်ဦးချင်းစီကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



**မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ အောင်မြင်စွာသွားရောက်ယှဉ်ပြိုင်နိုင်ရေး မသန်စွမ်းအားကစားသမားများကို တွေ့ဆုံအားပေးစကား ပြောကြားစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် ဝက်ဘာကွင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲနိုင်ရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ ဝက်ဘာကွင်းနှင့် စက်ရုံစုလမ်းတစ်လျှောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူလူထုစုစုပေါင်းအင်အား ၃၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေကြသည့် စုပေါင်းအဖွဲ့များကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး စစ်တွေမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို မကြာခဏစုပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထု အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးစည်းရုံးဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်း၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကြီးသိမ်တော်ကို လှည့်လည်ကြည့်ရှုကာ ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် MCL-5 Yangon သင်္ဘောဆိုက်ကပ်ရောက်ရှိမှု၊ For Tune သင်္ဘောပေါ်မှ လျှပ်စစ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် မော်တော်ယာဉ်များပေါ်သို့တင်ဆောင်နေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်သစ်ခွဲသားများကိုမော်တော်ယာဉ်များပေါ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တင်ဆောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက သဘာဝဘေးပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မဖြစ်မနေလိုအပ်သည့် ဆန်၊ သွပ်၊ သစ်လိုအပ်ချက်များကို ဒေသအလိုက်စာရင်းပြုစု၍ အနီးစပ်ဆုံးမှန်ကန်အောင် တွက်ချက်ထားရန်၊ ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်သောပြည်သူများလက်ဝယ်သို့ ရောက်ရှိရေးနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ဒေသရင်း "မြန်မာတစ်" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးရောင်းချပေးမည်

**နေပြည်တော် မေ ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့်ဒေသရင်း ငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့်မြန်မာ့ဒေသရင်း **"မြန်မာတစ်" ငှက်ပုံ(၂၀၀ကျပ်တန်)** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို **ဇွန် ၁ ရက် နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဇဟိုစာတိုက်ကြီးရန်ကုန်စာတိုက်ကြီးမန္တလေးစာတိုက်ကြီးတို့နှင့်တိုင်းဒေသကြီးပြည်နယ်များရှိ စာတိုက်ကြီးများ၌ တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် ဇွန် ၁ ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**




# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ကျောက်ဖြူမြို့ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**စစ်တွေ မေ ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းများကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။ နယ်မြေခံရေတပ်စခန်းဌာနချုပ်ရှိ မိသားစုနေအိမ်လိုင်းခန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို ကြည့်ရှုစစ်ဆေးခြင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးခြံသို့သွားရောက်ပြီး ငါးမွေးမြူရေးကန်၊ ဒေသဆိတ်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ ကာကီကင်းဘဲမွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ Green House စိုက်ပျိုးရေးခြံနှင့် ရာသီသီးနှံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်သည်။ ၎င်းနောက် နဂါးမော်ဆည်သို့သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆည်ရေဝင်ရေလဲကောင်းမွန်စေရေး၊ မိုးရာသီတွင် ရေပိုမိုသိုလှောင်စုဆောင်းနိုင်ရန် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်သွားရေးတို့ကိုမှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နယ်မြေခံရေတပ်စခန်းဌာနချုပ်ကွပ်ကဲမှုအောက်တပ်သို့ သွားရောက်ပြီး ငါးဥမွေးမြူရေးဆောင်ရွက်ထားရှိမှုကိုကြည့်ရှုခြင်း၊ ဥစားကြက်ခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ ဒေသနွားမွေးမြူရေးခြံနှင့် ဒေသဆိတ်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးခြင်းတို့ ဆောင်ရွက်သည်။ ၎င်းနောက် ပင်လယ်ကမ်းခြေတစ်လျှောက် အုန်းပင်နှင့်ဒီရေရောက်တောများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး ယခုနှစ်မိုးရာသီတွင် ကြိုတင်စုဆောင်းထားသည့် အုန်းပင်၊လမုပင်များနှင့်အရိပ်ရလေကာပင်များ ထပ်မံစိုက်ပျိုးနိုင်ရေး မှာကြား၍ နယ်မြေခံရေတပ်စခန်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မဒေးဆိပ်ကမ်းသို့ရေနံတင်သင်္ဘောကြီးများ ဝင်ရောက်လျက်ရှိသည့် ရေလမ်းကြောင်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် စစ်တောတပ်နယ် နယ်မြေခံ ရေတပ်စခန်း အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ဒုတိယဗိုလ်ချုပ်ကြီးလှအေး ကျောက်ဖြူမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဗဟိုစာရင်းအင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးလှအေးသည် တာဝန်ရှိသူများနှင့်အတူ တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဗဟိုစာရင်းအင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်သို့ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ အလယ်ချောင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ခြင်းများ၊ မီးရထားဆိပ်ကမ်းရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်နှင့် ဆိပ်ကမ်းများတွင် ထောက်ပံ့ပစ္စည်းများ ရောက်ရှိပါက ထားရှိနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုသည် လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်များပြိုလဲခြင်း၊ ထရန်စဖော်မာများပျက်စီးခြင်း၊ ဓာတ်ကြိုးများပြတ်ကျခြင်း၊ သစ်ပင်များကျိုးကျ၍ လမ်းများပိတ်နေခြင်းများကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဝန်ထမ်းများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၃၀**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။


ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် လျှပ်စစ်ပစ္စည်းများ၊ ရေသန့်စက်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကိုတင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆေးပစ္စည်းများ၊ ဆက်သွယ်ရေးဆက်စပ်ပစ္စည်းများ၊ ကော်ဇောလိပ်များ၊ မိုးကာလိပ်များ၊ မီးစက်များ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် နှစ်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်းနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

# ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၃၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် ယနေ့တွင် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် ဆန်အိတ် ၁၀၀၀ စုစုပေါင်းကုန်တန်ချိန် တန် ၅၀ တို့ကို မင်းဂံကမ်းထိုးရပ်၌ တင်ဆောင်၍ ဘူးသီးတောင်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် သစ်ချောင်း ၁၀၀၃ ချောင်း စုစုပေါင်းကုန်တန်ချိန် ၁၀ ဒသမ ၀၇ တန်တို့ကို တောင်ကုတ် ကမ်းထိုးရပ်၌တင်ဆောင်၍ စစ်တွေမြို့သို့လည်းကောင်း အသီးသီး ပို့ဆောင်ရန် ထွက်ခွာခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် အလျား၂၄၅ ပေ၊ အနံ ၆၄ ပေ၊ ရေစူး ၁၂ ပေ စုစုပေါင်း မတ်ထရစ်တန် ၃၅၀၀ တင်ဆောင်နိုင်သည့် MV-Charities ရေယာဉ်သည် ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုဝင်များ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းပေးပို့သည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၂၅၁၁ တန်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်တံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV-Charities ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်တွေ၊ မင်းပြား၊ မြောက်ဦးတပ်နယ်တို့ရှိ နယ်မြေခံတပ်များကို ကြည့်ရှုစစ်ဆေး၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးလွယ်အိတ်များပေးအပ်စဉ်။

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် စစ်တွေ၊ မင်းပြား၊ မြောက်ဦးတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့နှင့် မြောက်ဦးမြို့တို့ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MMCA) နှင့် အလှူရှင်များမှ စုပေါင်းလှူဒါန်းမှုဖြင့် ချက်ပြုတ်ပေးပို့လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခြေခံပညာကျောင်းများသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသုံးလွယ်အိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် မင်းပြားနှင့် မြောက်ဦးမြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို လိုက်လံရှင်းလင်းပြသကြသည်။

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက စစ်တွေမြို့ နယ်မြေခံတပ်ရှိ သတ်မှတ်နေရာ၌ စတုဒိသာထမင်း၊ ဟင်း ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရန်အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များကို ဒံပေါက်ထမင်းဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဇွန် ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မေ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဇွန် ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၃၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်ထိသတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်းထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ အဋ္ဌမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၆၁၅၇၉၂၈ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံနေမှုများကို တွေ့ရစဉ်။

# ဥပဒေဘောင်အတွင်း လက်နက်၊ခဲယမ်းများနှင့်အတူဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေများထောက်ပံ့ပေးအပ်



သက်နှင်းညိုနောင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ် မေ ၉ ရက်မှ ၁၆ ရက်ထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် မွန်ပြည်နယ် ရေးမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့သည် SigSauer P 320 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည်ငါးတောင့်နှင့်အတူ မွန်ပြည်နယ် ရေးမြို့နယ်မြေခံတပ်နယ်ရှိ ဆင်ဖြူရှင်ခန်းမ၌ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဆုကြေးငွေအဖြစ်ပေးအပ်သည့် ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ် သိန်း ၂၀ နှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

အလားတူ မွန်ပြည်နယ် သထုံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးသည် သထုံမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးသည် ကရင်ပြည်နယ် မြဝတီမြို့ နယ်မြေခံတပ်ရင်း၌လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့်အတွက် တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

0 w Kw M @

# ကိုယ်ချင်းစာတရား

ချစ်မင်း(မြစ်သား)




(၁)

"ဂျို ဂျို ဂျို"

ငါးတွေကို ကျင်စက်နဲ့ထိုးတဲ့အသံက ချောင်းထဲမှာ ဆူညံလို့။ အောင်သိန်းလဲ ရလာတဲ့ငါးတွေကိုကြည့်ပြီး ပြုံးရွှင်နေတယ်။ လွယ်ထားတဲ့ပလိုင်းထဲမှာလဲ ငါးတွေကပြည့်လုခမန်းပင်။ အခြားငါးဖမ်းသမားတွေနဲ့မတူတဲ့ အောင်သိန်းရဲ့အကျင့်က အိမ်ပြန်ရောက်တိုင်း ငါးတချို့ကို ပလိုင်းထဲကနေထုတ်၊ မြေကြီးပေါ်ချထားတယ်။ ကျင်စက်ရဲ့ဒဏ်ကြောင့် ငါးတွေလဲ မြေပြင်မှာ လူးလွန့်နေတယ်။ ဒါကို ဇိမ်ခံပြီးကြည့်နေတတ်တယ်။ တစ်ခါတလေ ဘယ်လောက်တောင်ရက်စက်သလဲ ဆိုရင် ပင်ပန်းပြီးငြိမ်သွားတဲ့ငါးကို ကျင်စက်နဲ့ ထပ်တို့လိုက်တယ်။ အဲဒီလို အမြဲလုပ်ပြီးတော့မှ သူစိတ်ကြိုက်ငါးကိုရွေး၊ ကြော်လှော်ပြီး အရက်နဲ့မြည်းပါတော့တယ်။ နေ့လယ်နေ့ခင်းဆိုရင် ငါးများတံတစ်ချောင်းနဲ့ အောင်သိန်း ငါးများလေ့ရှိတယ်။ အရိပ်ကောင်းတဲ့သစ်ပင်ကြီးတွေက အောင်သိန်းရဲ့ ငါးများတဲ့နေရာတွေပေါ့။ ဒါမှလဲ သူ့အတွက် ဇိမ်ခံလို့ကောင်းမှာ။ ငါးများလိုက်၊ အရက်လေးသောက်လိုက်၊ ဆေးလိပ်လေးဖွာလိုက်နဲ့ နေ့လယ်နေ့ခင်းမှာ စည်းစိမ်ကို အပြည့်အဝခံစားလေ့ရှိတယ်။

(၂)

"ဟား. . . မိပြီကွ၊ လှလိုက်တဲ့ငါးကွာ"

အစာကိုပဲမြင်ပြီး အန္တရာယ်ကိုမမြင်တော့တဲ့ ငါးတစ်ကောင် အောင်သိန်းရဲ့ငါးများချိတ်မှာ တန်းလန်းကြီးဖြစ်နေရဲ့။ လွတ်မယ်ထင်ပြီးရုန်းလေလေ ငါးများချိတ်က ပိုပြီးစူးဝင်လေလေ။ အချိန်အနည်းငယ်ကြာတော့ ငါးလဲမောသွားပြီထင်။ လူးလွန့်ခြင်းမရှိတော့။ အဲဒီအခြေအနေရောက်မှ အောင်သိန်းလဲ ငါးများချိတ်ကငါးကိုဖြုတ်၊ ပလိုင်းထဲထည့်လိုက်တော့တယ်။ ငါးရတာ၊ မရတာကို အောင်သိန်း သိပ်စိတ်ဝင်စားလေ့မရှိ။ ညရောက်ရင် ငါးဆိုတာ သူ့အတွက်မလိုချင်တစ်ဆုံး။ ဒါကြောင့် နေ့ခင်းမှာငါးများတာက သူ့အတွက်တော့ ဇိမ်ခံရုံသက်သက်ပါပဲ။ သူ့အကြောင်းသိတဲ့လူတချို့က-

"တော်တော်ရက်စက်တဲ့လူကွာ။ လုပ်စားတာက အကုသိုလ်လုပ်ငန်းပါဆိုနေ ငါးတွေကို မသေမချင်း နှိပ်စက်သေးတာ။ သူ့အတွက်တော့ပျော်စရာတဲ့။ ရွံမုန်းစရာကောင်းပါ့"ဆိုပြီး နောက်ကွယ်မှာ ပြောလေ့ရှိကြတယ်။ အဲဒီစကားတွေ အောင်သိန်းရဲ့ဇနီး ဝတ်မှုံရဲ့ နားထဲရောက်သွားတဲ့အခါမှာ-

"သူများတွေပြောလဲပြောချင်စရာပဲ ကိုအောင်သိန်းရယ်။ ငါးဖမ်းတာပဲ ငါးရရင်တော်ရောပေါ့။ ဘာဖြစ်လို့ မြေကြီးပေါ်မှာချပြီး စက်နဲ့ထိုးနေတာလဲ။ ကျုပ်က ရှင့်ကိုအကုသိုလ်လုပ်ငန်းတွေ မလုပ်စေချင်တော့ဘူး။ သံသရာမှာဝဋ်လည်မယ်နော်။ ကျုပ်နဲ့ လယ်ထဲလိုက်ခဲ့ပါဆိုတော့ ရှင်က"

"ဟေ့. . . နင့်စကားကို ဒီနေရာမှာပဲရပ်လိုက်။ ငါ့ဝါသနာပါတာငါလုပ်မယ်။ နင်ဝင်ပြီးမပြောနဲ့။ ကြားလား ဝတ်မှုံ လျှာမရှည်နဲ့"

အောင်သိန်းရဲ့ ဒေါသတွေရောနေတဲ့အသံက ဝတ်မှုံကို ကြောက်ရွံ့စေတယ်။ မကြောက်လို့လဲ မရဘူးလေ။ အရက်မူးလာရင် မိန်းမဖြစ်သူကိုရိုက်နှက်ပြီး နှိပ်စက်တတ်သေးတယ်။ အခုလဲကြည့်လေ။ အောင်သိန်းက တစ်ချက်လေးအော်လိုက်ပါတယ်။ ဝတ်မှုံခမျာ တုတ်တုတ်မျှမလှုပ်တော့ဘူး။

(၃)

ထုံးစံအတိုင်း ငါးများရာကအပြန် အောင်သိန်းတစ်ယောက် မူးရူးလာတယ်။ ခါတိုင်းနေ့တွေထက် ပိုသောက်လာတယ်။ မိုးကအေးတော့ သောက်လို့ပိုကောင်းတယ်လေ။ ယိုင်ထိုးပြီးပြန်လာတဲ့ ယောက်ျားဖြစ်သူကိုမြင်တော့ ဝတ်မှုံခမျာ ထိတ်လန့်ရပြန်တယ်။ အရက်သမားတစ်ယောက်ရဲ့မိန်းမဖြစ်တာ ၁၀ နှစ်လောက်ရှိပြီဆိုတော့ ကိုယ့်ယောကျာ်းရဲ့အခြေအနေကို အကဲခတ်တတ်နေပြီလေ။

"ဟူး. . . ဘာပြဿနာရှာအုံးမလဲမသိပါဘူး"

ဝတ်မှုံခမျာ ယောကျာ်းဖြစ်သူ ယိုင်ထိုး၊ ယိုင်ထိုးဖြစ်နေတာကိုကြည့်ရင်း ညည်းညူနေရှာတယ်။

"ဟိတ်. . . ဝတ်မှုံ ဘာဟင်းချက်လဲ။ ထမင်းစားမယ်။ မြန်မြန်ခူးပေး"

"တံငါသည်ရဲ့အိမ် ဘာဟင်းလဲမေးနေသေးတယ်။ ထုံးစံအတိုင်း ငါးဟင်းပေါ့ရှင်"

"တော်တော်လေးကြောရှည်တာပဲဟ။ ငါးဟင်းချက်တယ်ဆိုပြီးနေတာကို ထမင်းမြန်မြန်ခူးပေး"

"ဟုတ်ပါပြီရှင် ခဏလေးပဲစောင့်"

ဝတ်မှုံလဲ မီးဖိုချောင်ထဲ ခပ်သွက်သွက်ဝင်သွားတော့တယ်။

(၄)

"အာ့ အ"

"ကိုအောင်သိန်း ဘာဖြစ်နေတာလဲ"

အောင်သိန်းက လည်ပင်းကိုပဲ လက်ညှိုးထိုးပြနေတယ်။ စကားတောင်မပြောနိုင်။ ဝတ်မှုံလဲ အခြေအနေကို ချက်ချင်းမရိပ်မိသေး။ ခဏလောက်စဉ်းစားပြီးမှ-

"ဟင် ငါးရိုးစူးနေတာလား ကိုအောင်သိန်း"

ခေါင်းပဲညိတ်ပြနိုင်တဲ့ အောင်သိန်း။ တစ်ကိုယ်လုံးလဲ ချွေးတွေစိုရွှဲနေတယ်။ လည်ချောင်းထဲကနာကျင်မှုက မချိမဆန့်။

"ရော့ ကိုအောင်သိန်း၊ ငှက်ပျောသီးလေးမျိုချလိုက်"

ဝတ်မှုံလဲ တတ်သလောက်၊ မှတ်သလောက်လေးနဲ့ သူ့ယောကျာ်းကိုပြုစုရှာလေရဲ့။ ဒါပေမဲ့ အောင်သိန်းခမျာ ကံဆိုးချင်တော့ နာကျင်တာတွေက မသက်သာဘူးဖြစ်နေတယ်။

"ရသွားပြီလား ကိုအောင်သိန်း"

အောင်သိန်း ခေါင်းယမ်းပြလိုက်တယ်။ ခေါင်းညိတ်၊ ခေါင်းယမ်းလုပ်နေတာကိုပဲ သူ့ခမျာ တော်တော်ပင်ပန်းနေရှာတယ်။ ပါးစပ်နားထပ်ပြီးရောက်ရှိလာတဲ့ ငှက်ပျောသီးကို အားကိုးတကြီးနဲ့ တစ်ကိုက်ကိုက်ပြီး မျိုချလိုက်ပြန်တယ်။ ငါးရိုးကတော့ တုတ်တုတ်မျှ လှုပ်ပုံမပေါ်။ ဘယ်လိုတောင်စူးဝင်သွားတယ်မသိ၊ ခံစားနေရတဲ့ အောင်သိန်းမှာတော့-

"ဒုန်း ဒုန်း"

ဒေါသထွက်ပြီး ကြမ်းပြင်ကို လက်သီးနဲ့ထိုးလိုက်တယ်။ ချက်ချင်းဆိုသလို လက်မှာ သွေးတွေစီးကျလို့နေရဲ့။ လက်ကနာကျင်မှုက လည်ချောင်းထဲကနာကျင်မှုနဲ့ယှဉ်ရင် ဘာမှမပြောပလောက်တော့ပေ။

"ကိုအောင်သိန်း မသက်သာရင် ဆေးခန်းသွားမလား"

ဝတ်မှုံကို ခေါင်းညိတ်ပြလိုက်တယ်။ အမှတ်တမဲ့မို့ လည်ချောင်းက ဆစ်ခနဲနာကျင်ရပြန်တယ်။

(၅)

ပါးစပ်ကို ဆရာဝန်က အတင်းဖြဲပြီး ဓာတ်မီးနဲ့ထိုးကြည့်တယ်။ အောင်သိန်းတစ်ယောက် ဆရာဝန်ရဲ့ စမ်းသပ်မှုအောက်မှာ မလူးသာမလွန့်သာနဲ့ ဆိုးရွားလွန်းတဲ့ဝေဒနာကို ခံစားနေရတယ်။ စကားက မပြောနိုင်တော့၊ နာတယ်လို့လဲမအော်နိုင်။ ပါးစပ်ပိတ်ထားတာတောင် အတိုင်းအဆမရှိ နာကျင်လွန်းလှပြီ။ အခုလို ပါးစပ်ကိုဖြဲကြည့်တော့ နာကျင်မှုက နှိုင်းစရာမရှိတော့ပြီ။

"အရိုးက လည်ချောင်းထဲမှာ ကန့်လန့်ကြီးဖြစ်နေတယ်။ ပိုဆိုးတာက အရိုးရဲ့အစွန်းနှစ်ဖက်က လည်ချောင်းထဲမှာ စိုက်ဝင်နေတယ်။ လှုပ်မိတိုင်း နာတာပေါ့ဗျာ"

ဆရာဝန်ရဲ့စကားကြားတော့ အောင်သိန်းတစ်ယောက် သူများဖူးခဲ့တဲ့ငါးတွေရဲ့အဖြစ်ကို ပြန်မြင်ယောင်မိလာတယ်။ ငါးများချိတ်မှာမိနေတဲ့ငါးက ရုန်းလေလေ ငါးများချိတ်က ပိုပြီးစူးဝင်လေလေ ဖြစ်တယ်။ အခုလဲ သူ့အဖြစ်က တံတွေးတောင်မမျိုချရဲတော့တဲ့အနေအထား။

"ကဲ. . . ကိုအောင်သိန်း ခင်ဗျားပါးစပ်ကို ဒီတုတ်တိုလေးနဲ့ခဏတော့ ထောက်ထားမှဖြစ်မယ်ဗျ။ ဒါမှ ငါးရိုးကိုထုတ်ရတာလွယ်မှာ"

ဆရာဝန်ရဲ့စကားကြောင့် အောင်သိန်း မျက်လုံးတွေ ပြူးကျယ်ကုန်တယ်။ အခြားနည်းလမ်းမရှိတော့ဘူးလားဆိုတဲ့အကြည့်နဲ့ ဆရာဝန်ကို ကြည့်နေရှာတယ်။ ပါးစပ်ကလှုပ်ရင်နာတော့ လှုပ်လို့ရတဲ့ ခြေထောက်တို့၊ လက်တို့က ဂနာမငြိမ်။ ဆရာဝန်ကတော့ သတိထားမိပုံမပေါ်။ သူလုပ်စရာရှိတာကိုပဲ ဆက်လုပ်ပါတော့တယ်။

"ငွန်း. . . ငွန်း"

အောင်သိန်း ညည်းညူနေရတယ်။ ဆရာဝန်ရဲ့ လက်ကိုတင်းတင်းဆုပ်ကိုင်ထားမိလျက်။ ဆရာဝန်က သူနာပြုနဲ့ ဝတ်မှုံတို့ကို-

"လူနာရဲ့လက်ကို ဖိပေးထားကြပါ"

လူနာခုတင်ပေါ်မှာ ပက်လက်အနေအထားနဲ့ ယက်ကန်ယက်ကန်ဖြစ်နေရှာတဲ့ အောင်သိန်း။ လည်ချောင်းထဲက နာကျင်နေတဲ့ဝေဒနာက ပိုဆိုးလာတယ်။ ပါးပြင်ပေါ်မှာလဲ မျက်ရည်တွေကတသွင်သွင် စီးကျနေတယ်။ ဆရာဝန်က ငါးရိုးကို ကတ်ကြေးနဲ့ ညှပ်ပြီး ဆွဲထုတ်လိုက်တဲ့အချိန်မှာတော့ မငြိမ်တဲ့ ခြေထောက်တွေက ကျင်စက်နဲ့အတို့ခံလိုက်ရသလို ဆတ်ခနဲလှုပ်သွားတယ်။ မျက်လုံးတွေလဲ မှုန်ဝါးသွားတော့တယ်။

"ငါဝဋ်လည်တာနေမှာ၊ ငါ့အဖြစ်က ငါများဖူးတဲ့၊ ကျင်စက်နဲ့တို့ဖူးတဲ့ ငါးတွေရဲ့အဖြစ်နဲ့တူနေပါလား။ ငါးတွေလဲ ငါ့လိုပဲနာကျင်ရှာမှာပဲ"

အောင်သိန်းရဲ့မျက်လုံးထဲမှာ ငါးတွေကိုပဲမြင်ယောင်နေမိတော့တယ်။ သူ့စိတ်ထဲမှာလဲ နောင်တတွေရနေတယ်။ နောက်နောင် ဘယ်တော့မှ ငါးတွေကို မသတ်တော့ဘူးလို့ သန္နိဋ္ဌာန်ချလိုက်လေရဲ့။

(၆)

မနက်ခင်း ဝေလီဝေလင်းအချိန်။

ဝတ်မှုံတစ်ယောက် ပေါက်ပြားတစ်လက်ပခုံးပေါ်တင်၊ ခမောက်လေးဆောင်းပြီး လယ်ထဲသွားမယ်ပြင်နေတုန်း မြင်လိုက်ရတဲ့အရာကြောင့် တအံ့တဩဖြစ်ရတယ်။

"ကိုအောင်သိန်း ပေါက်ပြားကြီးကိုင်ပြီး ဘာလုပ်မလို့လဲ"

"မင်းနဲ့လယ်ထဲလိုက်မလို့လေ"

"ရှင့်လည်ချောင်းက သက်သာသွားပြီလား"

"အင်း နေသာထိုင်သာရှိနေပါပြီ"

ဝတ်မှုံလဲ ခေါင်းတစ်ချက်ကုတ်လိုက်ပြီး-

"ဒါနဲ့ ကိုအောင်သိန်း ရှင်ငါးများမသွားတော့ဘူးလား"လို့ မေးလိုက်တယ်။ ဝတ်မှုံ့စကားကြောင့် အောင်သိန်းလဲ ဒီမိန်းမ အထူးအပါးနားမလည်သေးဘူးဆိုတဲ့အကြည့်နဲ့ကြည့်ပြီး ပေါက်ပြားကို ပခုံးပေါ်ထမ်းကာ ဝတ်မှုံ့ရှေ့ကနေ ခပ်မြန်မြန်ထွက်ခွာသွားတော့တယ်။

# သရုပ်ဆောင် မိုးဟေကိုက ကွယ်လွန်သူမိဘနှစ်ပါးအတွက် ရည်စူး၍ ဖဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း




**ရန်ကုန် မေ ၃၀**

သရုပ်ဆောင် မိုးဟေကိုက ကွယ်လွန်သူ မိဘနှစ်ပါးအတွက် ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး ဖဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၁၀ သိန်းကို မေ ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် မိုးဟေကိုက ကွယ်လွန်သွားပြီဖြစ်သည့် မိဘနှစ်ပါးကို ရည်စူးပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းရာတွင် ငွေကျပ် ၁၀ သိန်းကို ငွေပဒေသာပင်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မိုးရဲ့မေမေကော၊ ဖေဖေပါ ကွယ်လွန်သွားခဲ့ပေမဲ့ လစဉ်လတိုင်းရည်စူးပြီး အမြဲမပြတ် ကိုယ်နိုင်သလောက် အလှူဒါနတွေ နေရာစုံမှာ ပြုလုပ်ပေးဖြစ်ပါတယ်။ ဒီတစ်ခါမှာတော့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှာ ငွေပဒေသာပင်အဖြစ် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့တာဖြစ်ပါတယ်။ မိုးရဲ့အလှူကို ခုနစ်ရက်သားသမီးအပေါင်းတို့လဲ သာဓုခေါ်ဆိုနိုင်ဖို့ မျှဝေပေးလိုက်ပါတယ်"ဟု သရုပ်ဆောင် မိုးဟေကိုက ပြောပြသည်။

သရုပ်ဆောင် မိုးဟေကိုသည် ၂၀၁၆ ခုနှစ်က ကျွန်မချစ်သော စာအုပ်ကိုလည်း ထုတ်လုပ်ဖြန့်ချိထားပြီး ၂၀၂၂ ခုနှစ်မှစတင်ကာ အနုပညာလုပ်ရှားမှုများကို ပြန်လည်လုပ်ဆောင်လာသူဖြစ်ကြောင်း၊ မဟာအပလီကေးရှင်းမှ ဇွန် ၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည့် အမုန်း ဇာတ်လမ်းတွဲတွင် ပါဝင်ထားကြောင်း သိရသည်။ ASH

# ဂျွန်မက်ဒန်း၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသား ဝီဖာရဲ သရုပ်ဆောင်ဖွယ်ရှိ


**နယူးယောက် မေ ၃၀**

Amazon နှင့် MGM ရုပ်ရှင်ကုမ္ပဏီတို့၏ ဂျွန်မက်ဒန်း ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် မင်းသား ဝီဖာရဲ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ၂၀၂၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ကမ္ဘာကျော် အမေရိကန်အမျိုးသားဘောလုံးအဖွဲ့ချုပ်နည်းပြနှင့် အားကစားအစီအစဉ်တင်ဆက်သူ ဂျွန်မက်ဒန်း၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် မင်းသား ဝီဖာရဲသည် အထက်ပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Amazon ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေပြီး သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ဝီဖာရဲသည် ဂျွန်မက်ဒန်း ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

ဂျွန်မက်ဒန်း အတ္ထုပ္ပတ္တိဇာတ်ကားကို American Hustle ဒါရိုက်တာ ဒေးဗစ်အိုရပ်ဆဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ရာ လက်ရှိတွင် ဂျွန်မက်ဒန်းဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ စောင်းတီးပျိုမေမော်ဒန်ပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး မေ ၃၀**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သား၊ မလေးရှားပိတောက်သားတို့ဖြင့် ထုလုပ်ထားသော စောင်းတီးပျိုမေမော်ဒန်ပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးမြို့နယ် ရွှေမော်ဓောဘုရားကြီးအနီးရှိ သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဒါးပိန်ပန်းပုကျေးရွာမှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမော်ဒန်ပန်းပုရုပ်လေးတွေကတော့ ပန်းပုဆရာတွေရဲ့ ခေတ်ပြိုင်ထုလုပ်မှုလက်ရာတွေပဲဖြစ်ပါတယ်။ ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ဝယ်ယူကြတာများပါတယ်။ တီထွင်ဆန်းသစ်ထားတဲ့ ပန်းပုလက်ရာသစ်တွေဖြစ်ပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြသည်။



လက်ရှိကာလသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရီးသွားဇုန်သို့ တရုတ်နိုင်ငံသားများ လာရောက်လည်ပတ်လျက်ရှိသည့်အတွက် အဆိုပါ စောင်းတီးပျိုမေမော်ဒန်ပန်းပုရုပ်များမှာ အခြားပန်းပုရုပ်များထက် ပိုမိုရောင်းချရကြောင်း သိရသည်။

အဆိုပါ အမြင့် ရှစ်လက်မအရွယ်အစားရှိ ရင်းတိုက်သား၊ မလေးရှား ပိတောက်သားတို့ဖြင့် ထုလုပ်ထားသော စောင်းတီးပျိုမေမော်ဒန်ပန်းပုရုပ် တစ်ရုပ်လျှင် ငွေကျပ် ၅၅၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လတ်တလောတွင် ပန်းပုရုပ် ၂၀ ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# Mother Mary ဇာတ်ကား၌ မင်းသမီး ဟန်တာရှက်ဖာ ပါဝင်မည်

**နယူးယောက် မေ ၃၀**

ပေါ့ဂီတလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Mother Mary ဇာတ်ကား၌ Euphoria မင်းသမီး ဟန်တာရှက်ဖာ ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဟန်တာရှက်ဖာသည် အော်စကာဆုရှင် မင်းသမီး အန်နီဟေသာဝေး၊ မစ်ခေလာကိုးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Mother Mary ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လိုဝါရီက A24 ရုပ်ရှင်ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ဒေးဗစ်လိုဝါရီက A 24 ရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးသည့် တတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ Mother Mary ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို မကြာမီကာလအတွင်း ဂျာမနီနိုင်ငံ၌ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Mother Mary ဇာတ်ကားရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အောင်မြတ်သာဇာတ်လမ်းတွဲကို Channel K နှင့် Shwe Stream မှထုတ်လွှင့်မည်

**ရန်ကုန် မေ ၃၀**

အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွဲကို မေ ၃၁ ရက်တွင် Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွဲ၏ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၁၆)ပိုင်းပါဝင်ပြီး ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမည)၏ဝတ္ထုကို ဖိုးကျော်(သန်လျင်) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"မမြင်နိုင်တဲ့ ပရလောကရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းတွေကို ကြည့်ရှုခံစားရမဲ့ အောင်မြတ်သာရုပ်သံဇာတ်လမ်းတွဲကိုတော့ Channel K ရုပ်သံလိုင်းကနေ မေ ၃၁ ရက်ကစပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့ကနေ သောကြာနေ့ထိ ည ၉ နာရီမှာ ထုတ်လွှင့်သွားမှာပါ။ Shwe Stream You Tube Cha-nnel ကလဲ ကြည့်ရှုနိုင်ပါတယ်။ ဂမ္ဘီရပညာရှင် အောင်မြတ်သာနဲ့ တပည့်နှစ်ယောက် ရင်ဆိုင်ကြုံတွေ့ရတဲ့ ဆန်းကြယ်တဲ့ဂမ္ဘီရဖြစ်ရပ်ဆန်းတွေကို ကြည့်ရှုခံစားရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ လင်းအောင်မျိုးကို၊ စောအောင်၊ သွန်းစုနဒီဘိုမ၊ ဒေါ်တင်ရွှေ စသည့်အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# အမွေမှုများတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်း

**စိန်လှိုင်ပိုလ်**

တရားမမှုများစွာထဲတွင် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုသည် ထိပ်တန်းမှ နေရာယူထားသောအမှုမျိုးဖြစ်သည်။ သာမန်လူများ နားမလည်နိုင်လောက်အောင် သိမ်မွေ့နက်နဲလွန်းလှသည်။ အငြင်းပွားမှုပြဿနာများစွာအနက်မှ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့် ပတ်သက်သည့် ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ရာ တရားရုံးချုပ် အထူးအယူခံခုံရုံးထိရောက်ရှိပြီး စီရင်ဆုံးဖြတ်ထုံးဖွဲ့လမ်းညွှန်ခဲ့သည့် အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

အမွေမှုတွင် ချမှတ်သည့် ပဏာမဒီကရီအပေါ် မကျေနပ်၍ အယူခံဝင်ရောက်နေစဉ်အတွင်း **အမွေပစ္စည်းလက်ဝယ်မရှိသူ အယူခံတရားပြိုင် ကွယ်လွန်ရာတွင်** သတ်မှတ်သည့်ကာလအတွင်း တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းမပြုပါက အမွေပုံကို ထိရောက်စွာစီမံခန့်ခွဲခြင်းပြုနိုင်၊ မပြုနိုင် အယူခံမှုတစ်ရပ်လုံး ရပ်စဲသွားခြင်းရှိ၊ မရှိ ဟူသော ဥပဒေပြဿနာဖြစ်သည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရေတာရှည်မြို့နယ်တရားရုံး ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ်-၇၁ တွင် ကိုကျော်ငွေးက ဒေါ်ရင်မြ၊ ဒေါ်ခင်မြိုင်၊ ဒေါ်တင်စိန်၊ ဒေါ်ဝင်းကြည်နှင့် ဦးမြတ်ကျော်တို့ငါးဦးအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုသည်။ မြို့နယ်တရားရုံးက တရားလိုသည် အမွေပုံ၏ ခြောက်ပုံတစ်ပုံကို အမွေဝေစုရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ ၎င်းဒီကရီကို ဒေါ်ရင်မြက မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံး (တောင်ငူခရိုင်)သို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် တရားရုံးချုပ်သို့ ဆက်လက်အယူခံဝင်သည်။

တရားရုံးချုပ်က အယူခံမှုအတောအတွင်း အယူခံတရားပြိုင်တစ်ဦးဖြစ်သူ ဦးမြတ်ကျော် ကွယ်လွန်ရာ အယူခံတရားလို ဒေါ်ရင်မြက မကြည်ကြည်ငွေးပါငါးဦးအား ကွယ်လွန်သူ ဦးမြတ်ကျော်၏နေရာတွင် တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသော်လည်း သတ်မှတ်ထားသည့်ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်၍ လျှောက်လွှာကိုပယ်ခဲ့သည်။ ထို့နောက် အယူခံမှုသည် ရပ်စဲသွားပြီဖြစ်ကြောင်း အမိန့်ချမှတ်သည်။ အယူခံတရားလို ဒေါ်ရင်မြက တရားရုံးချုပ်၏ အဆိုပါအမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စိစစ်ပေးရန် ၁၉၉၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး)-၄၀၆ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက-

"အမွေမှုတွင် ချမှတ်သည့် ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်းလက်ဝယ်မရှိသူ အယူခံတရားပြိုင်ကွယ်လွန်ရာတွင် သတ်မှတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်ရုံမျှဖြင့် အမွေပုံကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းရှိ၊ မရှိနှင့် အမှုတစ်ခုလုံးရပ်စဲကြောင်း ဆုံးဖြတ်ခြင်းမှာ မှုတမှန်ကန်မှုရှိ၊ မရှိ"ဟူသော ပြဿနာကို ပြန်လည်စိစစ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဒေါ်ရင်မြသည် တရားမဒုတိယအယူခံမှုအမှတ်-၁၇၃/၉၃ ကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်က တင်သွင်းထားပြီး အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၁၉၉၄ ခုနှစ် မေ ၄ ရက်က ကွယ်လွန်ခဲ့ရာ အယူခံမှုအတောအတွင်း ကွယ်လွန်ခြင်းဖြစ်သည်။ တရားရုံးချုပ်က အယူခံမှုအတောအတွင်း အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်သည့်အခါ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းမရှိသဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့်-၂၂၊ နည်း-၄ (၃) အရ အမှုမှာ ဦးမြတ်ကျော်နှင့်စပ်လျဉ်းသမျှ ရပ်စဲသွားပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ရင်မြ တင်သွင်းသည့် အယူခံမှုမှာ ရပ်စဲသွားကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ ဒေါ်ငွေမြိုင်ပါ-၆ နှင့် ဦးမောင်ကလေးအမှု ၁၉၈၃ ခုနှစ်၊ မ. တ. စ စာ-၂၁ ကို ကိုးကားဆုံးဖြတ်ခဲ့သည်။

အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်မှာ ယခုအမှုသည် မူလရုံးတွင် အမှုသည်များ အစုံအလင်ပါဝင်ခဲ့ပြီး မူလရုံးက တရားလို၏ဝေစုကို ခွဲဝေသတ်မှတ်သည့် ပဏာမဒီကရီကိုပင် ချမှတ်ခဲ့ပြီးဖြစ်သည်။ မူလရုံးက ချမှတ်သည့် ပဏာမဒီကရီကို ဒေါ်ရင်မြက မကျေနပ်သဖြင့် အဆင့်ဆင့်အယူခံဝင်ရန် ဒုတိယအယူခံရုံးတွင် အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၂၂၊ နည်း-၄(၃) တွင် ပြဋ္ဌာန်းချက်အရ အယူခံတရားပြိုင် ဦးမြတ်ကျော် ကွယ်လွန်ရာတွင် တရားစွဲခွင့်မှာ ကျန်ရစ်သူ အယူခံတရားပြိုင်တို့အပေါ်တွင်သာ ကျန်ရှိသည်မဟုတ်၍ **စည်းကမ်းသတ်ကာလအတွင်း ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်အား အမှုသည်အဖြစ် ထည့်သွင်းခြင်းမရှိ၍ အယူခံမှုမှာ ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်နှင့်စပ်လျဉ်းသမျှ ရပ်စဲသွားပြီဖြစ်ကြောင်း အထူးအယူခံရုံးက စိစစ်ခဲ့သည်။**



အယူခံမှုတစ်မှုလုံး ရပ်စဲခြင်းရှိ၊ မရှိ စိစစ်ရန်မှာ အယူခံမှုကို ကျန်ရစ်သူ အယူခံတရားပြိုင်များအပေါ် ခွင့်ပြုမည်ဆိုပါက အချင်းဖြစ်အကြောင်းအရာတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ တစ်မှုထဲတွင် ဆန့်ကျင်ဘက်ဒီကရီနှစ်ရပ် တစ်နည်းအားဖြင့် ကွဲပြားခြားနားသည့် မူလရုံးဒီကရီနှင့် အယူခံရုံးဒီကရီနှစ်ရပ် ပေါ်ပေါက်လာဖွယ်ရာအကြောင်းရှိ၊ မရှိ စိစစ်သုံးသပ်ခဲ့သည်။

ယခုအမှုတွင် တရားလို ကိုကျော်ငွေးသည် အမွေပုံ၏ ခြောက်ပုံတစ်ပုံကို ရထိုက်ကြောင်း ပဏာမဒီကရီ ရရှိခဲ့သော်လည်း ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ၎င်းအတွက် ဝေစုသတ်မှတ်သည့် ဒီကရီမရရှိခဲ့ပေ။ ထို့ကြောင့် အယူခံတရားပြိုင် ဦးမြတ်ကျော်အပေါ် တင်သွင်းထားသည့် အယူခံမှု အောင်မြင်ပါက တရားရုံးချုပ်၏ဒီကရီနှင့် မူလရုံး၏ ဒီကရီဟူ၍ ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်လာဖွယ်ရာအကြောင်းမရှိပေ။ ဤအခြေအနေတွင် အယူခံမှုသည် ရပ်စဲရန်အကြောင်းမရှိကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် ပစ္စည်းလက်ရှိဖြစ်သူက အမွေဆိုင်မပါလျှင် ထိထိရောက်ရောက် စီမံခန့်ခွဲ၍မရနိုင်သောကြောင့် ထိုသူသည် မပါမဖြစ်ပါဝင်ရမည့် အမှုသည်ဖြစ်သည်။ ယခုအမှုတွင် ဒေါ်ရင်မြသည်သာ ပစ္စည်းလက်ရှိဖြစ်သူဖြစ်ပြီး ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမြတ်ကျော်သည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်ပေ။ **အယူခံတရားလို ဒေါ်ရင်မြက အယူခံဝင်သည့်အမှုတွင် ပစ္စည်းလက်ရှိမဟုတ်သူ ဦးမြတ်ကျော်မှာ မပါမဖြစ်ပါဝင်ရမည့် အမှုသည်မဟုတ်ကြောင်း မြင်သာသည်ဟု အထူးအယူခံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။**

မူလအမှု၌ အမွေဆိုင်အားလုံး အမှုသည်အဖြစ်ပါဝင်ခဲ့သောအယူခံမှုတွင် အယူခံတရားပြိုင်များအနက် အယူခံတရားပြိုင်တစ်ဦး ကွယ်လွန်သွားရာတွင် ကွယ်လွန်သူသည် မူလအမှု၌ အမွေဝေစုမရရှိခဲ့သည့်အပြင် အမွေပုံပစ္စည်းလက်ရှိဖြစ်သူလည်းမဟုတ်လျှင် ၎င်း၏နေရာ၌ သတ်မှတ်ထားသည့်ကာလအတွင်း တရားဝင်ကိုယ်စားလှယ်မထည့်သော်လည်း အယူခံမှုတစ်မှုလုံး ရပ်စဲမည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသည့်ပြဿနာနှင့်စပ်လျဉ်း၍ အမွေမှုတွင် ချမှတ်ထားသည့်ပဏာမဒီကရီအပေါ် အယူခံဝင်ရောက်နေစဉ်အတွင်း အမွေပစ္စည်းလက်ဝယ်မရှိသူ အယူခံတရားပြိုင်ကွယ်လွန်ရာတွင် သတ်မှတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် မထည့်ရုံမျှဖြင့် အမွေပုံကို ထိရောက်စွာစီမံခန့်ခွဲနိုင်ခြင်းမရှိဟု မဆိုနိုင်ကြောင်းနှင့် အမှုတစ်ခုလုံး ရပ်စဲသွားကြောင်း ဆုံးဖြတ်ခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း ဖြေဆိုလိုက်သည်။

အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်က အယူခံမှုရပ်စဲသွားပြီဟု ချမှတ်သည့်အမိန့်ကို အထူးအယူခံခုံရုံးက ပယ်ဖျက်လိုက်ပြီး တရားရုံးချုပ်သည် တရားမ ဒုတိယအယူခံမှုအမှတ်-၁၇၃/၉၃ ကို ဥပဒေနှင့်အညီ ပြန်လည်ကြားနာရန် ညွှန်ကြားလိုက်သည်။

ဤလမ်းညွှန်စီရင်ထုံးက အမွေပုံပစ္စည်းစီမံခန့်ခွဲမှုများတွင် အမှုအတောအတွင်း ကွယ်လွန်သည့်အမှုသည်များအတွက် ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအမိန့်-၂၂၊ နည်း-၄(၃) ပါ ပြဋ္ဌာန်းချက်အရ သိရှိသင့်သိရှိထိုက်သော ဥပဒေဗဟုသုတများကို ညွှန်ပြသွားခြင်းဖြစ်ကြောင်း ဒေါ်ရင်မြနှင့် ဒေါ်ခင်ယုဝေပါ (၉) ၁၉၉၇ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၃ ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# တောင်တွင်းကြီးမြို့နယ် ကျွဲဖြူကန်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ရေဦးကျေးရွာအုပ်စု ကျွဲဖြူကန်ကျေးရွာ ရွာလယ်မွှာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော စက်ချုပ်သင်တန်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိအသုံးပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ကျွဲဖြူကန်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းနည်းပြများက အခြေခံစက်ချုပ်နည်းပညာများကို မေ ၁ ရက်မှ ယနေ့ထိ ရက်ပေါင်း ၃၀ ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးထံမှ သိရသည်။ **ဖြူလေး**



# ဆေးလိပ်၊ ကွမ်း ဆိုးကျိုးနှင့် ကျန်းမာရေး

**ကိုယဉ်ချစ်(မန္တလေး)**

ဆေးလိပ်သောက်သူကို "ပိုက်ဆံတွေမီးရှို့သူ"၊ ကွမ်းစားသူတွေကို "အရည်မရ အဖတ်မရတဲ့ အလုပ်လုပ်တဲ့သူ"၊ ဆေးလိပ်လဲသောက် ကွမ်းလဲစားသူကို "ကွမ်းစားဆေးသောက်နှစ်မှုရောက်သူ"လို့ ပြောကြပါတယ်။

ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ကတော့ ၁၀တန်းကျောင်းသားဘဝကတည်းက စီးကရက်ကိုစွဲစွဲမြဲမြဲနဲ့သောက်ခဲ့ရာ အသက် ၅၂ နှစ်မှာပဲ အဆုတ်ရောဂါနဲ့ သေဆုံးသွားပါတယ်။

စာရေးသူအစ်ကိုဆိုရင် တက္ကသိုလ်ရောက်နေမှ ဆေးလိပ်ကိုစသောက်တယ်။ ဆေးလိပ်ကို ဘယ်လောက်စွဲလမ်းသလဲဆိုရင် အိပ်ရာကနိုးရင် မျက်နှာမသစ်သေးဘဲ အိပ်ရာဘေးမှာ ဆေးလိပ်ဝအောင်ထိုင်သောက်ပြီးမှ အိပ်ခန်းထဲက ထွက်လာတဲ့ထိပဲ။ ကွမ်းယာ၊ အရက်၊ဘီယာတွေ မသောက်တတ်ပေမဲ့ အဆုတ်ရောဂါ၊ အသည်းရောဂါတွေ ခံစားရင်းနဲ့ အသက် ၆၅ နှစ်အရွယ်မှာ သေဆုံးသွားခဲ့ပါတယ်။

၁၀ တန်းကျောင်းသားဘဝမှာ သူငယ်ချင်းတွေနဲ့ အတူမြင်အတတ်သင်ဆိုသလို စီးကရက်စသောက်ခဲ့တာ လုပ်ငန်းခွင်ဝင်တဲ့ထိပါပဲ။ ၁၉၉၃ ခုနှစ်မှာ ဌာနဆိုင်ရာသင်တန်းတစ်ခု ရန်ကုန်မှာတက်နေရင်း ကျန်းမာရေးမကောင်းဖြစ်တာ သင်တန်းပြီးလို့ ပြန်လာတဲ့ထိပါပဲ။ အဲဒီနောက်ပိုင်း ဆေးလိပ်ဖြတ်လိုက်ပြီးတော့ ကွမ်းစားမိပြန်ရော၊ ကွမ်းကိုလဲဖြတ်လိုက်ပြန်စားလိုက်နဲ့။ ကွမ်းဖြတ်ပြီး ပီကေဝါးလိုက်၊ နေကြာစေ့လှော်စားလိုက်နဲ့။ နောက်ပိုင်း ကွမ်းပြန်စားမိပါတယ်။

တကယ်တော့ အစွဲအလမ်းပါပဲ။ ဆေးလိပ်၊ ကွမ်းစွဲတယ်ဆိုတာ အာရုံကိုဦးစားပေးမိတာပါ။ ဆေးလိပ်ရော၊ ကွမ်းပါ နှစ်မျိုးစလုံးမှာ ပါတဲ့ပစ္စည်းတွေက ကျန်းမာရေးအတွက် အကျိုးဖြစ်တဲ့အာဟာရ တစ်ခုမှ မပါဘဲ ကျန်းမာရေးဆိုးကျိုးတွေကိုသာဖြစ်စေပါတယ်။ ဆေးလိပ်မှာပါဝင်တဲ့ပစ္စည်းတွေ၊ ကွမ်းယာထဲမှာ ထည့်စားတဲ့ပစ္စည်းတွေဟာ ကောင်းကျိုးပေးတာ တစ်ခုမှမတွေ့ရပါဘူး။ ဆေးလိပ်သောက်လို့၊ ကွမ်းစားလို့ ခံစားရတဲ့ရောဂါတွေကို ဆေးထိုးဆေးသောက်လိုက်လို့ ခဏတာသက်သာပေမဲ့ ခန္ဓာကိုယ်အတွင်းက ကလီစာတွေ ထိခိုက်ခဲ့တာ သတိမမူမိခဲ့ပါဘူး။

ဆေးလိပ်ရဲ့အဓိကပစ္စည်းက ဆေးရွက်ကြီးဖြစ်ပါတယ်။ ကွမ်းယာထဲမှာထည့်စားတဲ့ပစ္စည်းတွေမှာလဲ ဆေးရွက်ကြီးနဲ့ မကင်းပါဘူး။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀၀ လောက်က အမေရိကတိုက်မှာ ဆေးရွက်ကြီး စတင်ပေါ်ပေါက်နိုင်ကြောင်း ပညာရှင်တွေက ခန့်မှန်းခဲ့ကြပေမဲ့ ခရစ်တော်မပေါ်မီ တစ်နှစ်အလိုမှာ အမေရိကတိုက်မှာနေထိုင်တဲ့ လူရိုင်းတွေက ဆေးရွက်ကြီးစတင်သုံးစွဲလာတဲ့ အထောက်အထားတွေ တွေ့ရှိခဲ့ကြတယ်။ အဲဒီအချိန်က ဆေးရွက်ကြီးကို ဘာသာရေး၊ လူမှုရေးဆိုင်ရာအခမ်းအနားတွေမှာ နတ်ဘုရားတွေပူဇော်တာ၊ ဆေးဝါးအဖြစ်နဲ့သုံးစွဲခဲ့ကြတာလို့ သိရပါတယ်။

ဆေးရွက်ကြီးငုံတာ၊ ရေစိမ်သောက်တာ ရှေးအကျဆုံးဖြစ်ခဲ့ပေမဲ့ အခုခေတ်မှာတော့ ဆေးလိပ်၊ စီးကရက် အသွင်နဲ့ သုံးစွဲလာကြပါတယ်။ ခရစ်စတိုဖာကိုလံဘတ်ဟာ ခရစ်နှစ် ၁၄၉၂ ခုနှစ်မှာ အမေရိကတိုက် ဗဟားမားကျွန်းကိုရောက်တဲ့အခါ ကျွန်းပေါ်မှာနေထိုင်ကြတဲ့ လူရိုင်းတွေက သစ်ရွက်တစ်မျိုးကို ရှူရှိုက်နေကြတာ မြင်တွေ့ခဲ့တယ်။ ကိုလံဘတ်လဲ ရှူရှိုက်ကြည့်ရာက နှစ်သက်ပြီး ဆေးလိပ်နဲ့ ဆေးရွက်ကြီးမျိုးစေ့တွေကို ယူဆောင်လာခဲ့လို့ ဥရောပတိုက်ကို ဆေးရွက်ကြီးရောက်ခဲ့တယ်။ ဥရောပတိုက်ကနေ ကမ္ဘာ့အရှေ့ခြမ်းကိုရောက်လာပြီး ဖိလစ်ပိုင်၊ အိန္ဒိယ၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေမှာ ဆေးလိပ်သောက်သုံးမှု ပျံ့နှံ့လာခဲ့ပါတယ်။

၁၆ ရာစုအတွင်းက စပိန်နိုင်ငံက ရေဗီယန် ကျွန်းစုတွေက ဆေးရွက်ကြီးတွေဟာ အင်္ဂလန်၊ အမေရိကန်နိုင်ငံနဲ့ အခြားဥရောပနိုင်ငံတွေထိပါ လွှမ်းမိုးခဲ့တယ်။ အင်္ဂလိပ်လူမျိုးတွေနဲ့ ဥရောပတိုက်သား လူကုန်ထံတွေက ဆေးတံသောက်တာကို လူကြီးလူကောင်းဓလေ့စရိုက်အဖြစ်နဲ့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခဲ့ကြပါတယ်။ ခရစ်နှစ် ၁၆၁၂ ခုနှစ်မှာ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှာ ဆေးရွက်ကြီးစိုက်ပျိုးပြီး ၁၀ နှစ်အကြာမှာ အောင်မြင်လာလို့ ဗာဂျီးနီးယား ဆေးရွက်ကြီးဟာ ကမ္ဘာပေါ်မှာ လွှမ်းမိုးခဲ့ပါတယ်။ ဗာဂျီးနီးယားဆေးရွက်ကြီးကို ပေါင်းတင်လိုက်ရင် ရွှေဝါရောင်တောက်ပလာတာကြောင့် Bright Tobacco လို့လဲ ခေါ်ကြပါတယ်။

အခုအချိန်မှာ တရုတ်နိုင်ငံက ဆေးရွက်ကြီး အများဆုံးစိုက်ပျိုးပြီး အမေရိကန်၊ အိန္ဒိယ၊ ဘရာဇီး၊ အီတလီ၊ အင်ဒိုနီးရှား၊ တူရကီ၊ ဇင်ဘာဘွေနိုင်ငံတွေက အစဉ်လိုက်အများဆုံးစိုက်ပျိုးကြပါတယ်။ တစ်ကမ္ဘာလုံးမှာ ဆေးရွက်ကြီးစိုက်ပျိုးတဲ့နိုင်ငံ ၁၂၀ ကျော်ရှိတယ်လို့သိရပါတယ်။

> ❖ ဆေးလိပ်သောက်သုံးမှုကြောင့် ဆေးလိပ်အခိုးအငွေ့ထဲမှာပါဝင်တဲ့ နီကိုတင်းနဲ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်တွေက အဆုတ်ကနေတစ်ဆင့် ခန္ဓာကိုယ်သွေးကြောတွေဆီရောက်သွားပြီး နှလုံးခုန်နှုန်းမြန်စေပါတယ်။ အဲဒီရဲ့အကျိုးဆက်က နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဦးနှောက်သွေးကြောတွေပိတ်ပြီး လေဖြတ်ရောဂါ၊ သွေးတိုးရောဂါ၊ ပင်မသွေးကြောကြီးကို လွယ်ကူစွာပေါက်တဲ့ရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါ၊ အဆုတ်ကြောင့်ဖြစ်တဲ့နှလုံးရောဂါ၊ ခြေချောင်းနဲ့ လက်ချောင်းထိပ်ပုပ်တဲ့ရောဂါတွေ ခံစားရနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ ❖

မြန်မာနိုင်ငံမှာ မြန်မာသက္ကရာဇ် ၉၉၁ ခုနှစ် သာလွန်မင်းလက်ထက်မှာ ဆေးလိပ်စတင်ရောက်ရှိလာကြောင်း မှတ်တမ်းတွေအရ သိရှိရပါတယ်။ စိန္တကျော်သူဦးဩရဲ့ ဩဝါဒထူးပျို့မှာ ဆေးတံညှိတစ်တိုလောက်၊ ရှေ့သောက်တော့ပေး ဆိုတဲ့စကားအရကော၊ ဆေးတအိုးကျွမ်း ကွမ်းတရာညက်ဆိုတဲ့ စကားတွေအရ အဲဒီအချိန်ကတည်းက ဆေးလိပ်အသုံးပြုတာကို လေ့လာသိရှိနိုင်ပါတယ်။

၁၉၈၀ ပြည့်နှစ် သုတေသနပြုချက်အရ ပြုပြင်ထားပြီးတဲ့ဆေးရွက်ကြီးမှာ ဓာတုဓာတ်အမျိုးပေါင်း ၃၀၄၀ ပါဝင်ကြောင်း သိရပါတယ်။ ဆေးရွက်ကြီးမှာ အဓိကအနေနဲ့ နီကိုတင်းနဲ့ နိုက်ထရိတ်၊ အေမင်း၊ ပရိုတင်းနဲ့ အယ်လကာလွိုက်တွေက ပြောင်းလဲလာပြီး ကင်ဆာရောဂါဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေ ပါဝင်ပါတယ်။ တာရှည်ခံအောင်ပြုပြင်ရာက ပိုလီဆိုင်ကလစ်အေရိုမက်တစ်ဟိုက်ဒရိုကာဗွန် (Polycyclic aromatic hydrocarbon)တွေ၊ စိုက်ပျိုးတဲ့မြေနဲ့လေတို့က ရေဒီယိုသတ္တိကြွပစ္စည်းတွေနဲ့ ကက်ဒ်မီယမ်ဓာတ်(Cadmium)တွေပါဝင်လာနိုင်ပါတယ်။ ဆေးလိပ်သောက်လို့ ဆေးရွက်ကြီးမီးလောင်ရင် ဓာတ်ပြောင်းလဲလို့ ဓာတုပစ္စည်းအများအပြားပေါ်ထွက်လာပါတယ်။ ဆေးရွက်ကြီးထွက်ပစ္စည်းတွေကို အဓိကနှစ်မျိုးနှစ်စား ခွဲခြားလေ့လာနိုင်ပါတယ်။ ပထမတစ်မျိုးက အငွေ့ထွက်တဲ့ဆေးရွက်ကြီးပစ္စည်းတွေပါ။ စီးကရက်ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်၊ ကွမ်းသီးဖက်ဆေးလိပ်၊ ဘီဒီဆေးလိပ် ဆေးတံနဲ့ ရေပြောင်းတွေဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ အငွေ့မထွက်တဲ့ဆေးရွက်ကြီးပစ္စည်းတွေဖြစ်ပါတယ်။ အဲဒီအုပ်စုမှာတော့ ဆေးရွက်ကြီးငုံတာ၊ ကွမ်းယာထဲမှာ ဆေးရွက်ကြီးဆေးပေါင်းနှပ်ဆေးတွေ ထည့်စားတာနဲ့ ဆေးရွက်ကြီးကို ရေစိမ်သောက်တာတို့ ပါဝင်ပါတယ်။

ဆေးလိပ်ငွေ့မှာလဲ ပင်မဆေးလိပ်ကထွက်လာတဲ့အငွေ့ကို ခန္ဓာကိုယ်အတွင်း ဆေးလိပ်အစီခံက တစ်ဆင့်ဖြတ်ပြီး ရှူရှိုက်လိုက်တဲ့အငွေ့နဲ့ ဆေးလိပ်မီးညှိပြီးချထားချိန် ထွက်နေတဲ့မီးခိုးငွေ့၊ ဆေးလိပ်သောက်သူအနီးမှာ ရှူရှိုက်မိတဲ့အငွေ့တို့ဖြစ်ပါတယ်။ လက်ရှိ သုတေသနပြုချက်အရ ဆေးလိပ်မီးခိုးမှာ အမျိုးအစားသတ်မှတ်နိုင်တဲ့ ဓာတုပစ္စည်းအမျိုးပေါင်း ၄၀၀၀ လောက်နဲ့ အမျိုးအစားမသတ်မှတ်နိုင်တဲ့ဓာတုပစ္စည်းတွေပါဝင်ကြောင်း သိရပါတယ်။

ဆေးလိပ်စသောက်လိုက်တာနဲ့ သုံးစက္ကန့်အတွင်း အဆိပ်ဓာတ်ငွေ့တွေပါတဲ့ ဆေးလိပ်မီးခိုးဟာ အဆုတ်၊ နှလုံး၊ ဦးနှောက်နဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီကိုရောက်ရှိပြီး နှလုံးခုန်နှုန်းနဲ့ သွေးပေါင်ချိန်တွေတက်လာစေပါတယ်။ ခံတွင်းမှာရှိတဲ့ အမြေးပါးလေးတွေကိုလဲ ပျက်စီးစေပါတယ်။ အဆုတ်အတွင်းမှာ အသက်ရှူလမ်းကြောင်းကိုပိတ်စေပြီး ကင်ဆာဖြစ်စေနိုင်တဲ့ဓာတုပစ္စည်းတွေ ကျန်ရစ်ပါတယ်။ အဲဒီကတစ်ဆင့် အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ်စတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ဒုက္ခပေးပါတယ်။ ဆေးလိပ်ရှိက်ဖွာပြီး ၁၀ စက္ကန့်အတွင်းမှာ ဦးနှောက်အတွင်းကို နီကိုတင်းရောက်ရှိသွားပါတယ်။ နီကိုတင်းက ဆဲလ်တွေကို လှုံ့ဆော်မှုကြောင့် စိတ်ကိုသာယာမှုပေးတယ်။ အစာစားလိုစိတ်လျော့နည်းစေတယ်။ စိတ်တက်ကြွစေတယ်။ အာရုံခံစားမှုကို နိုးကြွစေတယ်။ မှတ်ဉာဏ်တိုးတက်စေတယ်။ စိတ်ခံစားမှု ပြောင်းလဲစေတယ်။ စိတ်သောကပူပင်မှု၊ စိတ်တင်းကျပ်မှု လျော့နည်းစေပါတယ်။

ဒီသတ္တိတွေကြောင့် ဆေးလိပ်သောက်လိုက်ရင် စိတ်တက်ကြွတာ၊ စိတ်တင်းကျပ်မှုနဲ့ စိတ်ဖိစီးမှုလျော့နည်းတာ၊ အာရုံခံစားလို့ကောင်းတာနဲ့ စိတ်ရှုပ်ထွေးမှုတွေကိုဖြေရှင်းနိုင်တဲ့အရသာကို ရရှိစေပါတယ်။ ဒါပေမဲ့ နီကိုတင်းဟာစွဲလမ်းစေတတ်တာမို့ ဆေးလိပ်သောက်သူ၊ ဆေးရွက်ကြီးငုံသူ၊ စားသုံးသူတွေဟာ စွဲလမ်းသွားကြပါတယ်။

ကမ္ဘာ့လူဦးရေရဲ့သုံးပုံတစ်ပုံဟာ ဆေးလိပ်သောက်သုံးကြပြီး အမျိုးသားတွေသာမက အမျိုးသမီးတွေပါ ဆေးလိပ်သောက်သုံးကြပါတယ်။ ကလေးသူငယ်သန်းပေါင်း ၁၀၀၀ လောက်ဟာ ဆေးလိပ်သောက်ကြပြီး သုံးပုံတစ်ပုံက ဆေးလိပ်ရဲ့ဆိုးကျိုးကြောင့် အရွယ်မတိုင်မီ သေဆုံးနိုင်ကြောင်း ခန့်မှန်းထားပါတယ်။

ဆေးလိပ်သောက်သုံးမှုကြောင့် ဆေးလိပ်အခိုးအငွေ့ထဲမှာပါဝင်တဲ့ နီကိုတင်းနဲ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်တွေက အဆုတ်ကနေတစ်ဆင့် ခန္ဓာကိုယ်သွေးကြောတွေဆီရောက်သွားပြီး နှလုံးခုန်နှုန်းမြန်စေပါတယ်။ အဲဒီရဲ့အကျိုးဆက်က နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဦးနှောက်သွေးကြောတွေပိတ်ပြီး လေဖြတ်ရောဂါ၊ သွေးတိုးရောဂါ၊ ပင်မသွေးကြောကြီးကိုလွယ်ကူစွာပေါက်တဲ့ရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါ၊ အဆုတ်ကြောင့်ဖြစ်တဲ့နှလုံးရောဂါ၊ ခြေချောင်းနဲ့ လက်ချောင်းထိပ်ပုပ်တဲ့ရောဂါတွေ ခံစားရနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ဒါ့ပြင် အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ အညို့ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ထိပ်ကင်ဆာတွေ ဖြစ်ပွားနိုင်တဲ့အပြင် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေလဲ ဖြစ်ပွားနိုင်တဲ့အတွက် ဆေးလိပ်ရဲ့ဆိုးကျိုးတွေဟာ အင်မတန်ကြောက်စရာကောင်းလှပါတယ်။

အလားတူ ကွမ်းယာစားသုံးတဲ့အခါ ဆေးရွက်ကြီးကို ထည့်စားကြသလို ဆေးရွက်ကြီးကို ပြုပြင်ထားတဲ့ ပစ္စည်းအမျိုးမျိုးကြောင့် စွဲလမ်းတတ်ပါတယ်။ ကွမ်းစားခြင်းကြောင့် သွား၊ သွားဖုံး၊ လျှာ၊ လည်ချောင်း၊ အစာအိမ်လမ်းကြောင်း၊ အူ၊ အသည်း၊ အဆုတ်၊ သည်းခြေနဲ့ ကျောက်ကပ်ရောဂါတွေ ဖြစ်ပွားနိုင်ပါတယ်။ ဆေးလိပ်သောက်တာ၊ ကွမ်းစားတာတွေဟာ လူကြီး၊ လူလတ်ပိုင်းသာမကပဲ လူငယ်တွေပါ ပြုလုပ်နေကြတဲ့အတွက် ဆေးလိပ်၊ ကွမ်းယာတို့ရဲ့ ဆိုးကျိုးတွေကို အသိပညာပေး တားဆီးကာကွယ်ကြရမှာဖြစ်ပါတယ်။ လူငယ်ဆိုတာ အတုမြင်အတတ်သင် ဆိုစကားလို အကောင်းအဆိုးကို ဝေဖန်ဆုံးဖြတ်နိုင်တဲ့ အင်အားနည်းပါးနေသေးတာကြောင့် ဆေးလိပ်၊ ကွမ်းယာတို့ကို အလွယ်တကူသုံးစွဲတတ်ကြပါတယ်။ ဆေးလိပ်ကအစပြုပြီး မူးယစ်ဆေးဝါးသုံးစွဲမှုလမ်းကြောင်းဆီကို ကူးပြောင်းတတ်ကြတဲ့အတွက် လူငယ်တွေနဲ့အနာဂတ်နိုင်ငံတော်အတွက် ဆိုးကျိုးတွေကို ဖြစ်ပေါ်စေပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းမှာ မြန်မာနိုင်ငံအနေနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုလဲ ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့ရက်စွဲနဲ့ ပြဋ္ဌာန်းဆောင်ရွက်နေပါတယ်။

နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် နှစ်စဉ်ဆောင်ပုဒ်တွေချမှတ်ပြီး ကျင်းပနေသလို အသိပညာပေးလုပ်ငန်းတွေ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်။

အမှုမဲ့အမှတ်မဲ့ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းကြောင့် ရရှိလာနိုင်တဲ့ဆိုးကျိုးတွေကို တစ်ဦးချင်းစီ အသိနဲ့မသုံးစွဲမိအောင် သတိပြုဆင်ခြင်ကြရမှာဖြစ်သလို မိသားစုအတွင်းနဲ့ ပတ်ဝန်းကျင်တို့ကလဲ ပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။ စတင်သုံးစွဲပြီး စွဲလမ်းမှု ပြန်ဖြတ်တာမျိုးထက် အစလုပ်ပြီး မသုံးစွဲမိအောင် ဆောင်ရွက်ကြရပါမယ်။

ဘယ်လိုကောင်းကျိုးကိုမှ မရနိုင်တဲ့ ဆေးလိပ်သောက်ခြင်းနဲ့ ကွမ်းစားခြင်းတို့ကရလာနိုင်တဲ့ ဆိုးကျိုးတွေ၊ အန္တရာယ်တွေနဲ့မိမိကျန်းမာရေး၊ သက်တမ်းစေ့နေထိုင်ရေး နည်းလမ်းနှစ်သွယ်ကို ကိုယ်တိုင်ရွေးချယ်ခွင့်ရှိပါတယ်။ ဒါကြောင့် မိမိကျန်းမာရေးကိုသာ ဦးစားပေးရွေးချယ်သင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

– **ဆေးလိပ်အန္တရာယ်**

**ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးလိပ်ကင်းဝေးရေး စီမံချက်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/ ၂၀၂၃)
# (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာပိတ်ရက်ကို ၂၅-၅-၂၀၂၃ ရက်မှ ၇-၆-၂၀၂၃ ရက်အထိ ထပ်မံတိုးမြှင့်ကြောင်း အသိပေးအပ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့(အစား)၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နှင့် ၉ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြန်မာ့ချင်း ဈေးကောင်းရရှိ



**ရန်ကုန် မေ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြန်မာ့ချင်း ဈေးကောင်းရရှိနေကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ မေ ၂၉ ရက် သတင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ချင်းစိုက်ပျိုးထုတ်လုပ်မှုရှိနေသော်လည်း ပြည်တွင်းတွင်တစ်နှစ်လျှင် ချင်းတန်ချိန် ၃ ဒသမ ၅ သိန်းမှ လေးသိန်းထိ အသုံးပြုမှုရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် ချင်းတန်ချိန် ၂ ဒသမ ၅ သိန်းသာ ထုတ်လုပ်ဆောင်ရွက်နိုင်သဖြင့် နှစ်စဉ်ပြင်ပမှတင်သွင်းနေခဲ့ရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လိုအပ်သည့်ချင်းများကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တရုတ်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံမှ ချင်းတင်သွင်းရာတွင် စရိတ်စကဈေးနှုန်း၊ ပင်ရင်းနိုင်ငံများ၏ ဈေးနှုန်းများကြောင့် ဈေးနှုန်းများမြင့်မားလျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်၌ တရုတ်နိုင်ငံမှတင်သွင်းသည့် ချင်းတစ်ကီလိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ငွေတာကာ ၃၇၀၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံမှ တင်သွင်းသည့်ချင်းတစ်ကီလိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ တာကာ၂၅၀ မှ ၂၆၀ ရှိနေပြီး မြန်မာနိုင်ငံမှ ချင်းတစ်ကီလိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ တာကာ ၂၄၀ မှ ၂၄၅ တာကာ ပေါက်ဈေးရှိနေသည်။

မြန်မာနိုင်ငံမှ ချင်းတင်သွင်းရာတွင် စရိတ်စကများစွာသက်သာမှုရှိနေသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးနှုန်းချိုသာစွာဖြင့် ပြန်လည် ရောင်းချပေးနိုင်သည့်အပြင် မြန်မာနိုင်ငံမှချင်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသည့် ချင်းများနှင့် ပုံသဏ္ဌာန်နှင့် အရောင်အသွေးတူညီနေသဖြင့် မြန်မာနိုင်ငံမှ ချင်းများကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့် တစ်လကျော်မှစတင်၍ တရုတ်နိုင်ငံ ချင်းများကို တင်သွင်းခြင်းမပြုကြောင်း၊ ထို့အတူ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း အနည်းငယ်သာ ဝင်ရောက်မှုရှိနေကြောင်း၊ ထို့ကြောင့် မေလဆန်းမှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချင်းလက်လီဈေးကွက်များတွင် မြန်မာနိုင်ငံမှ တင်သွင်းသည့် ချင်းဈေးနှုန်းမှာ တစ်ကီလိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ တာကာ ၃၅၀ ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ (၃၃၆)

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၃၀-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဝစီနိ | ပဲဆီ | ရှေတ်မြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံမြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၁၂၄၀၀ | ၁၃၈၀၀ | ၂၃၀၀ | ၅၀၀၀-၅၆၀၀ | ၁၁၀၀ | ၈၅၀၀ | ၁၆၀၀၀-၁၇၄၀၀ | ၉၉၅၀ | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၂၀၀ | ၃၀၀၀ | - | ၁၂၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၂၀၀ | ၇၀၀၀-၇၈၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၂၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၈၀၀ | ၅၀၀၀-၆၀၀၀ | ၂၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၃၆၅၀ | ၂၆၅၀ | - | ၁၃၀၀၀-၁၅၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၂၃၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၁၀၀၀-၂၃၀၀၀ | ၂၈၀ | ၃၅၀ |
| ၆ | တောင်ငူ | ၄၆၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၃၅၀၀-၁၅၀၀၀ | ၂၀၀၀၀-၂၃၅၀၀ | ၂၄၀၀ | ၅၀၀၀-၅၆၀၀ | ၂၃၀၀ | ၉၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | မြိတ် | ၄၀၀၀ | ၂၉၅၀ | ၂၄၅၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀-၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့်ထုပ်ပိုးမှုများ အဆင့်မီအောင် ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေးပိုမိုကောင်းမွန်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# မိမိတို့ဒေသတွင် ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်



**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ လိုက်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာကြည့်ရှုစဉ်။**

## ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

စာမျက်နှာ - ၂၀

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၃၀ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၆-၁၇ တွင်ဖော်ပြပါရှိသည့် **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်တိုင်းပြည်၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်** သတင်း၏ ကောက်စာနှင့် သတင်းစာသား ပဉ္စမကော်လံ တတိယစာပိုဒ် စာကြောင်းရေ ၅ ပါ **ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီစီးပွားရေးစနစ်ဖြစ်** (အစား) **ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။